# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလကွယ် ၊ တနင်္လာနေ့ ၊ (8-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိုးရာသီတွင်စိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်များနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအတွက် ပျိုးပင် ၅၅၀၀၀ ကျိုတင်ပျိုးထောင်



**နေပြည်တော် ဧပြီ ၇**

ပြင်ဦးလွင် ကော်ဖီစီမံကိန်းဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အမျိုးသား အထိမ်းအမှတ် ဥယျာဉ်ရှင်းလင်းဆောင်၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ခရိုင်အဆင့်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုထားသော **စာမျက်နှာ ၁၇ ကော်လံ ၁** ☞



**သဲဖြူတောရဓမ္မရိပ်သာနှင့်မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တပညာဇောတ ဦးစီးပဓာနပြု၍ ရှင်သာမဏေ အပါး ၅၀၀၀ ရှင်ပြုခြင်းနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပပြုလုပ်**

စာမျက်နှာ - ၁၆

**မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းများက ပိတ်ရက်မရှိ အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးသွားမည်**

စာမျက်နှာ - ၁၅

**မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် ရောဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကိုကြည့်ရှုသော ပြည်တွင်း၊ပြည်ပ ခရီးသွားများပြား**

စာမျက်နှာ - ၂

**ယခုနှစ်တွင် ပြည်ပသို့ ကော်ဖီတန်ချိန် ၂၀၀၀ ခန့် တင်ပို့ရောင်းချရန်ဆောင်ရွက်နေပြီး ဧပြီလမှ စတင်၍ တင်ပို့ရောင်းချပေးမည်**

စာမျက်နှာ - ၁၀

**ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ခြင်း လုပ်ငန်းစဉ်များအကြောင်း သိကောင်းစရာ**

ဆောင်းပါး စာမျက်နှာ - ၁၉




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၈ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေး ကျရာတာဝန်ထမ်းဆောင်စေလို

တိုင်းပြည်တည်ငြိမ်အေးချမ်းရန်နှင့်ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရန်လုပ်ဆောင်ရာတွင် ပြည်သူ့စစ်အဖွဲ့များ၊ ဒေသခံကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းထက် ဥပဒေနှင့် ပိုမိုညီညွတ်ပြီး စည်းစနစ်ကျနသည့် ပြည်သူ့စစ်မှုထမ်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအနေအထားနှင့် လက်ရှိကမ္ဘာတွင်ဖြစ်ပျက်နေသည့် အခြေအနေများအရ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီးဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် မြန်မာနိုင်ငံ၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမည့် အထူးကောင်းမွန်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာသောကြောင့် နိုင်ငံသားအားလုံးမဖြစ်မနေ တာဝန်ထမ်းဆောင်ရမည်မဟုတ်ဘဲ လိုသလောက်အကန့်အသတ်ဖြင့် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ပေါ်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေးအသိရှိသည့်နိုင်ငံသားများ ပိုမိုများပြားလာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ကို ရေရှည်အာမခံနိုင်မည်ဖြစ်ပေသည်။

ထို့ပြင် စစ်မှုထမ်းခြင်းမှ ရရှိလာမည့်အတွေ့အကြုံနှင့် အသိပညာများကြောင့် အနာဂတ်လူငယ်များ၏ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်တွင်လည်း ရင်ဆိုင်ကြုံတွေ့လာရမည့် အခက်အခဲများစွာကို ဖြေရှင်းနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းမှုများလည်း ရရှိစေမည်ဖြစ်ပေသည်။ အရေးကြီးသောအချက်တစ်ချက်မှာ ပြည်သူအများစု သို့မဟုတ် ရပ်ကွက်အလိုက်အချိုးညီမျှစွာ စစ်မှုထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် အရပ်ဘက်နှင့်စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုများ တည်ဆောက်နိုင်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်သိနိုင်ငံ့သားကောင်းလူငယ်များ စစ်မှုထမ်းရာတွင်လည်း လူတိုင်းတိုက်ခိုက်ရေး တပ်ရင်း၊ တပ်ဖွဲ့များသို့သွားရန်မလိုဘဲ ကျွမ်းကျင်ရာပညာရပ်များအလိုက် တာဝန်ပေးအပ်မည်ဖြစ်သောကြောင့် အခြားလက်ရုံးရည်တပ်ဖွဲ့များကိုလည်း ရွေးချယ်နိုင်ပေသည်။ စစ်မှုထမ်းဆောင်ရမည့် လူငယ်များသည် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အခြားပြည်သူများအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းစနစ်ကို လေ့လာခွင့်ရမည်ဖြစ်သောကြောင့် အထူးသင့်လျော်သည်ဟု ယူဆရပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်ကာကွယ်ရေးအမြင်နှင့် အတတ်ပညာများသည် ပြည်သူများအားလုံး အထူးသဖြင့် လူငယ်များအားလုံး သိသင့်သိထိုက်သည့် သိရမည့်ပညာရပ်များဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်း စစ်ပညာသင်ယူ၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၇**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၄၇၄၂၈ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို ဒီနေ့မှာဆိုရင် နယ်စုံဒေသက ဘုရားဖူးအများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေက စောင်းတန်းကကော၊ ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဒီနေ့က အဖိတ်နေ့ဖြစ်တာကြောင့် ဘုရားဖူးဦးရေတိုးပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ ဘုရားဖူးတွေက မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်လေ့လာကြည့်ရှုကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပတွေကိုလဲ ဘုရားဖူးတွေ ကြည့်ကြတာတွေ့ရပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့စည်ကားနေကြပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၅၈၄ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၃၄၄၉၃၀ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၉၁၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ဘန့်ဘွေးဘက်မှ ဝင်ရောက်လာသည့်အာလူးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ဘန့်ဘွေးဘက်မှထွက်ရှိပြီး ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ဘန့်ဘွေးဘက်မှထွက်ရှိသည့် အာလူးများသည် လက်ရှိတွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကားလေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိ ဈေးနှုန်းများမှာ အာလူးတစ်ပိဿာလျှင် အမျိုးအစားအလိုက် ငွေကျပ် ၁၂၀၀၊ ၁၃၀၀ ဖြင့် ရောင်းချနေရကြောင်း သိရသည်။

"လက်ရှိမှာတော့ အားလူးက ဘန့်ဘွေးဘက်ကပဲထွက်ရှိပြီး ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ထွက်ရှိတဲ့ အာလူးတွေက အဝင်နည်းသွားပါပြီ။ အာလူးစိုက်ပျိုးတဲ့ တောင်သူတွေက အခုနောက်ပိုင်းမှာ ရာသီဥတုအခြေအနေကြည့်ပြီးတော့ စိုက်ပျိုးလာတာကြောင့် နည်းသွားပါတယ်။ ဈေးကွက်မှာ အာလူးကအဝင်နည်းသွားပြီး ပစ္စည်းပြတ်လပ်တာကြောင့် အာလူးတွေက အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အာလူးကအလုံးသန့်ရင် သန့်သလို ဈေးကောင်းရပါတယ်။ သင်္ကြန်ကာလ နီးလာပြီဆိုတော့ ဈေးကွက်အတွင်းမှာ ကုန်စိမ်းသီးနှံတွေ အရောင်းအဝယ်ကောင်းနေကြပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အာလူးများ အရောင်းအဝယ် ကောင်းနေခြင်းနှင့်အတူ အခြားကုန်စိမ်းသီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်ညင်းဖြူ၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း အရောင်းအဝယ် ကောင်းနေကြောင်း ဦးအောင်မိုးနိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် ရေဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကိုကြည့်ရှုသော ပြည်တွင်းပြည်ပခရီးသွားများပြား

**မန္တလေး မေ ၇**

မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် ရေဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကိုကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် ရေဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့် ဓလေ့ကို ဧပြီလပထမပတ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်ကြည့်ရှုလေ့လာမှု များပြားလျက်ရှိကြောင်း၊ လက်ရှိတွင် ရေဝတီလင်းပိုင်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးနှင့် မင်းကွန်းဒေသအနီးတွင် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"မန္တလေး ဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်းရေကြောင်းမှာနေထိုင်ကျက်စားနေတဲ့ ရေဝတီလင်းပိုင်တွေကို ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်ကြည့်ရှုမှုပြန်များလာတယ်။ အဓိကကတော့ ရေဝတီလင်းပိုင်တွေနဲ့ ကျေးရွာတွေက ရေလုပ်သားတွေ အကျိုးတူပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကို လာပြီးကြည့်ရှုလေ့လာကြတာ ပိုပြီးများလာတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် ရေဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို လာရောက်ကြည့်ရှုသော ပြည်တွင်း၊ပြည်ပခရီးသွားဦးရေမှာ မတ်လနောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၃၅၀ ကျော်သာရှိသော်လည်း ဧပြီလ ပထမပတ်အတွင်း ရေဝတီလင်းပိုင်နှင့်ပေါင်း၍ ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကိုလာရောက်ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၄၅၀ ကျော်ထိရှိလာကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သဘွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၂ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သဘွတ်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၄၃ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးကို ငွေကျပ် ၆၂ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ မဟာမြိုင်အပိုင်း (၁)၊ ၆၇ လမ်း၊ ၄၁ လမ်း-၄၂ လမ်းကြားနေ ဦးမျိုးညွန့်လင်းက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဓေဝတရေ ဦးရိုးလင်းက လက်ခံရယူစဉ်။

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီ ဧက ၂၃၈၀ နုတ်သိမ်းပြီးစီး



**ကသာ ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီ ဧက ၂၃၈၀ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၂၃၈၀ နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ပိဿာချိန် ၅၁၇၀ ထွက်ရှိကြောင်း သိရသည်။

"ကသာခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီ ဧက ၂၃၈၀ စိုက်ပျိုးထားပါတယ်။ လက်ရှိ ဧကအားလုံး နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်လျက်ရှိပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ ကြက်သွန်နီ ဈေးကောင်းရဖို့လဲ သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီနုတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၁၈ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၄၂၀၊ ထီးချိုင့်မြို့နယ်တွင် ၁၀၂၅ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၈၁၇ ဧက စုစုပေါင်း ဧက ၂၃၈၀ ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီ ၁၆၀၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၂၃၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်ကိုကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်ဖြစ်စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်နီ စိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျပြီး ပိဿာချိန် ၅၀၀၀ ထွက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍သိရသည်။

(၂၀၆)

# ကဝမြို့နယ် ဖလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖလေးကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၅၃၃ ဦးကို ရန်ပုံငွေကျပ် ၅၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဧပြီ ၇**


ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ငါးပိ၊ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိဖြိုးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အမြဲတမ်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဖေဖော်ဝါရီလအတွင်းက ရန်ကုန်ဈေးကွက်သို့ မျှင်ငါးပိ ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ မျှင်ငါးပိ ပိဿာချိန် ၈၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိ ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၈၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ မျှင်ငါးပိအပါအဝင် ဒေသထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မတ်လအတွင်း လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မျှင်ငါးပိ ပိဿာချိန် ၈၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က မတ်လအတွင်းနဲ့ လက်ရှိမှာလဲ ဝယ်ကုန်က တော်တော်များနေပါတယ်။ မျှင်ငါးပိတွေက ပြည်တွင်းဈေးကွက်မှာကို ဝယ်ယူမှုအားကောင်းလာတဲ့အပြင် ဈေးကလဲ ကောင်းလာပါတယ်။ အခုလို မျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အလုပ်အကိုင်ရရှိလာပါတယ်"ဟု လပွတ္တာမြို့နယ်မှ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိဖြိုးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသခံရေလုပ်သားများက ပင်လယ်ပြင်မှ ရရှိသော မျှင်ကောင်များကို ဝယ်ယူပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မျှင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သားအနည်းဆုံး ၁၅ ဦးမှ ၂၅ ဦးထိ အလုပ်အကိုင် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ခေါင်းဆောင်ကောင်းဆို မန်းတောင်ရိပ်ခို

## ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

လူတိုင်းကတော့ ခေါင်းဆောင်မဖြစ်နိုင်ပါ။ ဒါကြောင့်မို့ ခေါင်းဆောင်မှုဆိုတာ လူတိုင်းတော့ စိတ်ဝင်စားစရာ မဟုတ်ဘူးလို့ထင်ရင်တော့ မှားသွားပေလိမ့်မယ်။ မိမိက ခေါင်းဆောင်ဖြစ်မှသိရမယ့် အကြောင်းအရာမဟုတ်ပါ။ **"ခေါင်းဆောင်ကောင်းရွေးတတ်ကြဖို့လိုတယ်"**ဆိုတဲ့ ရှောင်လွှဲလို့မရတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအရ လူတိုင်းလူတိုင်းဟာ မိမိရွေးချယ်ရမယ့် ဆုံးဖြတ်ပိုင်ခွင့်ကို စနစ်တကျနဲ့ အကျိုးရှိအောင် ထိထိရောက်ရောက်အသုံးချတတ်ရမယ် မဟုတ်လား။

ဩော် သိပါပြီ။ ခေါင်းဆောင်မှုပညာဆိုတာက မိမိခေါင်းဆောင်လုပ်ရသည်ဖြစ်စေ၊ မလုပ်ရဘဲရှိသည်ဖြစ်စေ မျက်မှောက်ကာလ ၂၁ ရာစုအခြေအနေမှာတော့ လူ့အခွင့်အရေးလူသားတာဝန်အရ၊ နိုင်ငံတော်ကိုလည်း ဒီမိုကရေစီစနစ်အခြေခံနဲ့သာ တည်ဆောက်နေချိန်ပဲမို့ ခေါင်းဆောင်မှုအကြောင်းအရာဟာ လူတိုင်းနဲ့သက်ဆိုင်နေတယ်။ လူတိုင်းက ဒီဗဟုသုတတော့ သိသင့်ပေတယ်။ သိရမယ်။

**လေ့လာခဲ့**

စာရေးသူက ဒီသဘောထားအမြင်နဲ့ ခေါင်းဆောင်မှုပညာကို စိတ်မှုထမ်းဘဝတစ်လျှောက်လုံး နှစ်ပေါင်းသုံးဆယ်လောက် လေ့လာပါတယ်။ နယ်ဘက်၊ အရပ်ဘက်၊ စေတနာ့ဝန်ထမ်း၊ အသင်းအပင်းအဖွဲ့အစည်းတွေမှာလည်း အသက်အရွယ်အရ၊ အတွေ့အကြုံအရ၊ ဂုဏ်သတင်းအရ အဖွဲ့ဝင်အလုပ်အမှုဆောင်အတွင်းရေးမှူး၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ စတဲ့တာဝန်တွေကို လစာမရပေမယ့် ကျေပွန်အောင်လုပ်ဆောင်ရပါတယ်။ ဒီအခါမှာလည်း အသင်းအပင်းတိုးတက်ကောင်းမွန်အောင်၊ အရည်အသွေးထိရောက်အောင်၊ အချင်းချင်းစည်းလုံးချစ်ခင်ညီညွတ်ကြပြီး ရည်မှန်းချက်များအောင်မြင်စေအောင် မိမိခေါင်းဆောင်မှုလုပ်ငန်းနဲ့ သဘောတရားတွေကိုလေ့လာပြီး အသုံးချရပြန်တာပါပဲ။ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ရန်ကုန်တိုင်းအထွေထွေရွေးကောက်ပွဲနဲ့ ကြားဖြတ်ရွေးကောက်ပွဲကော်မရှင်ခွဲအဖွဲ့ဝင်စသဖြင့် တာဝန်တွေပါဝင်ထမ်းဆောင်ခဲ့ရဖူးပါတယ်။ စာတွေ့လေ့လာခဲ့ရုံသာမက နှစ်ပေါင်း ၄၀ ကျော်လက်တွေ့ကျင့်သုံးဆောင်ရွက်ခဲ့ကြကြောင်း တင်ပြတာဖြစ်ပါတယ်။

ခေါင်းဆောင်မှုနဲ့ပတ်သက်တဲ့စာအုပ်တွေလည်း နယ်ပယ်အမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ အဆင့်အလွှာအမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုး၊ လေ့လာတွေ့ရှိချက်အသစ်အသစ်တွေကို မှီငြမ်းပြီး အားထုတ်ကြိုးစားရေးသားခဲ့ဖူးပါတယ်။ မိမိရေးခဲ့တဲ့စာအုပ်က ၁၃၀ ကျော်ထဲမှာ ခေါင်းဆောင်မှုဆိုင်ရာစာအုပ်တွေက ၁၀ ရာခိုင်နှုန်းမကပါဝင်ကြောင်း တွေ့ရှိနိုင်ပါတယ်။ ပထမအကြိမ်ထုတ်ဝေခဲ့တဲ့ နှစ်တွေပါယှဉ်တွဲဖော်ပြအပ်ပါတယ်။

**ရေးပြီးသား**

၁။ ခေါင်းဆောင်မှုအရည်အသွေးနှင့် စိတ်ပညာဆောင်းပါးများ(၂၀၀၁)
၂။ အနာဂတ်ကိုပိုင်စိုးသူများ(၂၀၀၁)
၃။ ထိပ်ဆုံးဆီသို့(၂၀၀၂)
၄။ ခေါင်းဆောင်ကွပ်ကဲသူနှင့် စိန်ခေါ်နေတဲ့ အနာဂတ်(၂၀၀၂)
၅။ ခေါင်းဆောင်သူ၏လက္ခဏာများ(၂၀၀၃)
၆။ ခေါင်းဆောင်မှုပညာသိကောင်းစရာ(၂၀၀၅)
၇။ ခေါင်းဆောင်လက်စွဲ(၂၀၀၆)
၈။ အကြီးအမှူးဖြစ်စေတတ်သော(၂၀၀၇)
၉။ ခေတ်ကိုပြောင်းကြစို့(၂၀၀၈)
၁၀။ ထိပ်တန်းသို့သော့ချက်(၂၀၀၈)
၁၁။ အရည်အချင်းဆီသို့(၂၀၁၂)
၁၂။ ခေါင်းဆောင်မှုနဲ့စီမံခြင်း(၂၀၁၆)
၁၃။ ခေါင်းဆောင်မှုအတွေး၏အရေးပါမှု(၂၀၁၈)
၁၄။ ခေါင်းဆောင်ကောင်းနှင့်စကားပြောစွမ်းရည် (၂၀၁၉)
၁၅။ ခေါင်းဆောင်မှုလျှို့ဝှက်ချက်(၂၀၂၀)
၁၆။ ခေါင်းဆောင်မှု(၂၀၂၂)
၁၇။ အောင်မြင်ခြင်းရဲ့အုတ်မြစ်(၂၀၂၃)

**အောင်မြင်မှု**

ခေါင်းဆောင်တာဝန်ယူရတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ သူအောင်မြင်တဲ့ခေါင်းဆောင်မှုကို ရအောင်ပထမဆုံး ရည်မှန်းချက် ဘာကိုထားမလဲ။ မိမိခေါင်းဆောင်ရတဲ့ အသင်းအဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်ကဘာလဲ။ ဒီရည်မှန်းချက်အောင်မြင်အောင် ကွပ်ကဲစီမံနိုင်ရင် ခေါင်းဆောင်မှုဟာ အောင်မြင်တော့တာပါပဲ။ဘာကြောင့်လဲ

> ❖ ခေါင်းဆောင်တာဝန်ယူရတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ သူအောင်မြင်တဲ့ ခေါင်းဆောင်မှုကိုရအောင် ပထမဆုံးရည်မှန်းချက် ဘာကိုထားမလဲ။ မိမိခေါင်းဆောင်ရတဲ့ အသင်းအဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်ကဘာလဲ။ ဒီရည်မှန်းချက်အောင်မြင်အောင် ကွပ်ကဲစီမံနိုင်ရင် ခေါင်းဆောင်မှုဟာ အောင်မြင်တော့တာပါပဲ။ ဘာကြောင့်လဲ မိမိရဲ့အသင်းသား၊ အဖွဲ့သားတွေက အောင်မြင်ခြင်းကို လိုလားတယ်။ ရည်မှန်းချက်ကို အောင်မြင်ချင်တယ်။ မိမိကအောင်မြင်အောင် ခေါင်းဆောင်မှုနဲ့လုပ်ပြလိုက်တော့ ခေါင်းဆောင်မှုရတာပေါ့။ အဲဒါဟာ မှန်ကန်တဲ့၊ သဘာဝကျတဲ့ အဓိက စည်းရုံးရေး၊ စည်းလုံးရေးပဲ။ ❖

မိမိရဲ့အသင်းသား၊ အဖွဲ့သားတွေက အောင်မြင်ခြင်းကို လိုလားတယ်။ ရည်မှန်းချက်ကို အောင်မြင်ချင်တယ်။ မိမိကအောင်မြင်အောင်ခေါင်းဆောင်မှုနဲ့လုပ်ပြလိုက်တော့ ခေါင်းဆောင်မှုရတာပေါ့။ အဲဒါဟာ မှန်ကန်တဲ့၊ သဘာဝကျတဲ့ အဓိကစည်းရုံးရေး၊ စည်းလုံးရေးပဲ။

**လုပ်ငန်းအောင်မြင်ရင် စည်းရုံးရေးကောင်းတယ်။ စည်းရုံးရေးကောင်းရင် လုပ်ငန်းစွင့်တိုးတက်တယ်။ လုပ်ငန်းစွင့်တိုးတက်ရင် ရည်မှန်းချက်အောင်မြင်တယ်။ ဒါဟာ ခေါင်းဆောင်မှုကောင်းခြင်း စံဝန်းပါပဲ။** ခေါင်းဆောင်ပီသချင်ရင် အောင်မြင်မှုနဲ့လက်တွေ့ပြနိုင်ရပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ဆီလောက်က တရုတ်ပြည်မှာ ပညာရှိပုဂ္ဂိုလ်တစ်ဦးရှိခဲ့တယ်။ ကွန်ဖူဇီလို့လည်းခေါ်တယ်။ ဥရောပသားတွေခေါ်ကြတာတော့ ကွန်ဖြူးရှပ်အသံထွက်ခဲ့ကြတယ်။ ပညာရှိကြီး ကွန်ဖြူးရှပ်(ဘီစီ ၅၅၁-၄၇၉)က သူ့ရဲ့နောက်လိုက်နောက်ပါတပည့်တပန်းတွေကို အမေး၊ အဖြေတွေနဲ့ သင်ကြားပို့ချလေ့ရှိတယ်။ သူဟာ ငယ်စဉ်က မင်းမှုထမ်းလည်း လုပ်ဖူးတယ်။ ရာထူးရာခံမြင့်တဲ့ အကြီးအကဲလည်း လုပ်ဖူးတယ်။ ဘုရင်က မြောက်စားလို့ ဝန်ကြီးတာဝန်မျိုးလည်း နှစ်အနည်းငယ်ဆောင်ရွက်ခဲ့ဖူးတယ်။ ဒါပေမဲ့ သူကတော့ သူ့ကိုလေးစားကြည်ညိုကြတဲ့ လူငယ်စာသင်သား ပညာလိုလားသူတွေကို ဟောပြောသင်ကြားပေးတဲ့ ပညာရှိကျောင်းဆရာအိုကြီးဘဝကို ကျေနပ်ကြည်နူးစွာ နှစ်ရှည်လများနေထိုင်သွားသူပါ။ ရှောင့်ရဲနိုင်တယ်။

**ကွန်ဖြူးရှပ်**

ဆရာကြီးကွန်ဖြူးရှပ်က အဆင့်မြင့်တဲ့လူတစ်ဦးဖြစ်ဖို့ဆိုရင် အခြေခံမူလဟောဒီအပိုင်း နှစ်ပိုင်းလိုအပ်တယ်တဲ့။

၁။ Jen **ယန်**-ကောင်းစေလိုတဲ့စေတနာဆန္ဒ။

၂။ Li **လီ**-ဟန်အမူအရာယဉ်ကျေးဖွယ်ရာရှိရခြင်း တစ်နည်းအားဖြင့် ကျွန်ုပ်တို့လူသားတွေဟာ လူ့ဘောင်ကိုကောင်းကျိုးပြုပေးနိုင်ဖို့ရာ အထက်ပါနှစ်ချက်မရှိမဖြစ် လိုအပ်ပေလိမ့်မယ်။

**၁။ မေတ္တာတရားအခြေခံတဲ့ သူတစ်ပါးရဲ့အကျိုးစီးပွားကို ဆောင်ရွက်ခြင်းနဲ့**

**၂။ ဟန်ပန်အမူအရာ ယဉ်ကျေးသိမ်မွေ့ခြင်း၊ တစ်နည်းအားဖြင့် စက်ထန်၊ မောက်မာ၊ ရိုင်းစိုင်း၊ ကြမ်းတမ်းမှုမရှိခြင်းကို ဆိုလိုတာဖြစ်တယ်။**

အုပ်ချုပ်သူဘုရင်မတူကြတဲ့ တိုင်းပြည်၊ ပြည်နယ်အတော်များများကို နေဘယ်လောက်ပူပူ၊ နှင်းတွေဘယ်လိုပဲ အေးခဲအောင်ကျကျ၊ ထူထူထဲထဲနှင်းထုကြီးဖုံးနေစေဦး၊ ကွန်ဖြူးရှပ်ကခရီးလှည့်လည်သွားလာပြီး အခမဲ့ဟောပြောပို့ချသင်ကြားပါတယ်။ တပည့်တွေကိုလည်း ဒီအခြေခံအချက်တွေ ဆင့်ပွားကျယ်ပြန့်အောင်၊ ပြည်သူလူထုရဲ့ကြားမှာ နားလည်လက်ခံအောင် ရှင်းလင်းသင်ပြကြဖို့ တိုက်တွန်းပါတယ်။ သူက ဆင်းရဲချမ်းသာမခွဲခြားဘူး။ ပညာလိုလားသူ၊ မေးသူ၊ ဆွေးနွေးသူဆိုလက်ခံတာပဲ။ ကွန်ဖြူးရှပ်ရဲ့ အတွေးအခေါ်ဟာ နှစ်ပေါင်း ၂၅၀၀ ကိုကျော်ဖြတ်ပြီး ဒီနေ့ထိ လူဦးရေသန်းပေါင်း ၁၃၀၀ ကျော်ရှိတဲ့ တရုတ်နိုင်ငံမှာ ကွန်ဖြူးရှပ်ဝါဒဟာ ဘာသာတရားတစ်ခုလိုပဲ အစဉ်အလာမိရိုးဖလာ အရှေ့တိုင်းရဲ့အခြေခံအတွေးအခေါ်အဖြစ် ခိုင်ခိုင်မာမာပြန့်ပွားခိုင်မာနေဆဲပဲ။ တိုင်းပြည်နိုင်ငံစည်းလုံးညီညွတ်မှုတိုးတက်တယ်။ တိုင်းပြည်တိုးတက်ဖို့ဟာ နေ့ချင်းညချင်းထလုပ်လို့ရတာ မဟုတ်ဘူး။ ကောင်းမွန်မြင့်မြတ်တဲ့ မူဝါဒ၊ သဘောတရား၊ အတွေးအခေါ်၊ အမြော်အမြင်တွေကို မိသားစုဘဝထဲမှာ အမိအဖလက်ဦးဆရာတွေက ကလေးဘဝ၊ လူငယ်ဘဝ၊ သားသမီးတွေကို အတွေးအမြင်အမွေပေးရမယ်။ တရုတ်ပြည်ဆင်းရဲငတ်မွတ်နေတဲ့ နှစ်ဆယ်ရာစုအခြေအနေမှ ၂၁ ရာစုထဲမှာ လူးလဲရုန်းကန်ထပြီး ဖွံ့ဖြိုးတိုးတက်တာ နှစ် ၅၀၊ နှစ် ၁၀၀၊ ခေါင်းဆောင်အဆက်ဆက်ကြိုးစားတဲ့ လက်ဆင့်ကမ်းတာဝန်လည်း ပါကောင်းပါမှာပေါ့။ ကွန်ဖြူးရှပ်အတွေးအခေါ်က အနှစ်သာရဝင်ရိုးကျတယ်နော်။

**အတွေးအခေါ်**

ခေါင်းဆောင်လုပ်နေသူများဟာ ကြိုက်တာ၊ မကြိုက်တာကို ဘေးဖယ်ထား၊ တရုတ်တွေ ဘယ်လိုအတွေးအမြင်ရှိသလဲသိချင်ရင် ကွန်ဖြူးရှပ်သိရမယ်။ လီကွမ်ယုကို သိကြရပါမယ်။ အခုခေတ် ဆရာအတတ်သင်ကျောင်းက အင်္ဂလိပ်စာပြနည်းပြဆရာဘဝမှ သန်းကြွယ်သူဌေးဖြစ်အောင် ကြိုးစားခဲ့သူ အလီဘာဘာကုမ္ပဏီ စတင်တည်ထောင်ခဲ့တဲ့ ဂျက်မား စသည့်ပုဂ္ဂိုလ်တွေရဲ့ ခေါင်းဆောင်မှုနည်းနာတွေ၊ ဟောပြောချက်တွေ(ယူကျု့နဲ့ဂူးဂဲမှာဖတ်ရှုနိုင်တယ်။ နားထောင်လို့ရတယ်။)လေ့လာဆည်းပူးသင့်ပါတယ်။

မှတ်သားကျင့်သုံးသင့်တဲ့ ဟောပြောချက်တွေထဲက နမူနာသာဓကတစ်ခုဖော်ပြချင်ပါတယ်။ လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်က အသက် ၉၂ နှစ်အရွယ်မှာကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ စင်ကာပူဝန်ကြီးချုပ်(အငြိမ်းစား)လီကွမ်ယု (၁၉၂၃-၂၀၁၅)တစ်ခါက ပြောခဲ့ဖူးတဲ့စကား။

**သိုက်စာ**

**"အလိုက်သင့်ဖြစ်အောင် မပြောင်းလဲနိုင်တဲ့နေ့၊ အဲဒီနေ့မှာ စင်ျပားရှုံ့တွနေ့လိပ်ပြီး သေဆုံးမယ်။ အဲဒါပါပဲ။**

**ကျွန်တော်အသစ်တွေမသင်ယူနိုင်တဲ့နေ့၊ ကမ္ဘာနဲ့ ကျွန်တော်ကင်းကွာသွားမယ်။ အဲဒီအခါမှာ ကျွန်တော်ဟာ ဘာမှသုံးစားလို့မရတော့တဲ့သူဖြစ်သွားမယ်"တဲ့။**

လီကွမ်ယုပြောခဲ့တဲ့စကားဟာ သူတီထွင်တဲ့အသစ်အဆန်း သဘောတရားတော့လည်း မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ အနှစ် နှစ်ရာနီးပါးဆီက အင်္ဂလိပ်လူမျိုးသိပ္ပံပညာရှင် ချားလ်ဒါဝင်(၁၈၀၉-၁၈၈၂) ဆိုသူက ရေးခဲ့ပြီးသားပါ။

"ပတ်ဝန်းကျင်နဲ့ မိမိလိုက်လျောညီထွေဖြစ်အောင် နေထိုင်တတ်လုပ်ကိုင်တတ်တဲ့သူသာ အဖတ်တင်ကျန်ရစ်ရှင်သန်ခဲ့ခြင်းသဘောရှိတယ်"တဲ့။ ချားလ်ဒါဝင်ရေးတဲ့ ၁၈၅၉ ခုနှစ်ထုတ်ဝေခဲ့တဲ့ Origin of Species "မျိုးရိုးများရဲ့အရင်းမူလစာအုပ်"မှာရေးခဲ့တာပဲ။ သိပ္ပံပညာသဘော၊ သတ္တဗေဒသဘော၊ ဒါကိုပဲ Natural Selection သဘာဝရဲ့ရွေးချယ်မှုသဘောအဖြစ် စင်ကာပူဝန်ကြီးချုပ်လီကွမ်ယုက နှစ်ကာလ ၅၀ ကျော်လောက် သူ့လက်ထက်မှာ ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့ကျွန်းနိုင်ငံကလေးမှာ ကမ္ဘာ့အဆင့်ဖွံ့ဖြိုးပြီး နိုင်ငံအဆင့် ဝင်ငွေအလွန်များတဲ့နိုင်ငံအဖြစ် တည်ဆောက်နိုင်ခဲ့တယ်။ သစ်တော၊ ရေနံ၊ သဘာဝသယံဇာတ၊ စိုက်ပျိုးသီးနှံထွက်ကုန် ဘာတစ်ခုမှမထုတ်လုပ်နိုင်ဘူး။ မွဲချာစုတ်ပြတ်နေတဲ့ တံငါရွာလေးဘဝ၊ သူညကစခဲ့တယ်။ ရေနံအပါအဝင် ဘရူနိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားတို့ဆီက ကုန်ကြမ်းဝယ်၊ သူက ဓာတ်ဆီ၊ လေယာဉ်ဆီ၊ သင်္ဘောစက်ဆီချက်ရောင်း၊ တစ်ဒေါ်လာနဲ့ သူဝယ်ခဲ့ရတာကို ၁၀ ဒေါ်လာတန်တဲ့ကုန်ချောအဖြစ် ပြောင်းလဲပြီး ချမ်းသာကြွယ်ဝသွားပါလေရော။ လူသားစွမ်းရည်အရင်းအမြစ်။

စီးပွားရေးကျွမ်းကျင်သူတွေ မွေးထုတ်ခဲ့တာကိုး။
ဥပဒေကျွမ်းကျင်သူတွေ မွေးထုတ်ခဲ့တာကိုး။
အုပ်ချုပ်ရေးကျွမ်းကျင်သူတွေ မွေးထုတ်ခဲ့တာကိုး။

စင်ကာပူတိုင်းပြည်တိုးတက်ဖွံ့ဖြိုးတာဟာ လူကိုအရည်အသွေးမြှင့်တင်ပြီး ပညာရေးအခြေခံကောင်းကောင်းနဲ့ထူထောင်ယူတာ။ မြန်မာရဲ့နှစ်မြုပ်ပျောက်ကွယ်နေတဲ့ ဝှက်စာတွေကို လူတွေကဖော်ယူအသုံးချရင် သူတို့ထက် ဆယ်ဆမက အဆတစ်ရာ၊ အဆတစ်ထောင်တိုးတက်အောင် စွမ်းဆောင်နိုင်ပါတယ်။ တကယ်ပြောတာပါ။

ကဲ နမူနာတစ်ခုပဲ ဖော်ပြပါမယ်။

**မူဝါဒ**

"အသက်ရယ်တဲ့ရှည်စေလို၊ မန်းတောင်ရိပ်ခို"တဲ့။


ဝှက်စာလိုလို အဓိပ္ပာယ်ပေါ်လွင်အောင် ဖော်ကြပါစို့။

**မန်း** =၅ ငါးပါးသီလ၊ ကိုယ်ကျင့်သီလဖြူစင်ရမည်။
**တောင်**=၇ သူတော်ကောင်းတရား ခုနစ်ပါးကျင့်သုံးရမည်။
**ရိပ်** =၄ ဗြဟ္မစိုရ်တရား လေးပါး လက်ကိုင်ထားရမည်။
**ခို** =၂ အရှက်နှင့်အကြောက်၊ လောကပါလတရား နှစ်ပါး။

စာမျက်နှာ ၅ သို့ ➤

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ အောင်မြင်စွာလွှတ်တင်ခဲ့




**ဝါရှင်တန် ဧပြီ ၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ယနေ့တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူး အဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၂ ဒသမ ၅ မိနစ်အကြာတွင် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၃၃ ခု လွှတ်တင်ခဲ့ရာ သုံးပုံနှစ်ပုံမှာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု မစ်ရှင်များ ဖြစ်ကြကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည်၎င်းတည်ဆောက်နေသည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု အစင်း ၆၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အာကာသယာဉ်မှူး သုံးဦးလိုက်ပါလာသည့် ဆိုယုဇ်အာကာသလူသယ်ယာဉ် ဧပြီ ၆ ရက်တွင် ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့

**မော်စကို ဧပြီ ၇**

အာကာသယာဉ်မှူး သုံးဦး လိုက်ပါလာသည့် ဆိုယုဇ်အာကာသလူသယ်ယာဉ်သည် ဧပြီ ၆ ရက်တွင် ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီ၏ ဆိုယုဇ် အာကာသလူသယ်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးအတွက် ဧပြီ ၅ ရက်ကပင် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ခွာထွက်ခဲ့သည်။

ထို့နောက် ဧပြီ ၆ ရက်တွင် အဆိုပါ အာကာသလူသယ်ယာဉ်သည် ကာဇက်စတန်နိုင်ငံ ကရာဂန်ဒါဒေသအနီးတွင် ပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း ရုရှား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားသည်။



ဆိုယုဇ် အာကာသလူသယ်ယာဉ်နှင့်အတူ ရုရှား၊ အမေရိကန်၊ ဘီလာရုစ်နိုင်ငံတို့မှ အာကာသယာဉ်မှူးများ ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် အဆိုပါအာကာသယာဉ်မှူး သုံးဦးကို ဆိုယုဇ်အမ်အက်စ်-၂၅ အာကာသလူသယ်ယာဉ်ဖြင့် မတ် ၂၃ ရက်တွင် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသလူသယ်ယာဉ်သည် မတ် ၂၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အာရီယာနီ-၆ ဒုံးပျံ ပထမဆုံးအကြိမ် မလွှတ်တင်မီ အရည်အသွေးစမ်းသပ်မှုအားလုံးကို အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့

**ပဲရစ် ဧပြီ ၇**

ဥရောပအာကာသအေဂျင်စီ၏ အာရီယာနီ-၆ ဒုံးပျံသည် ပထမဆုံး အကြိမ် မလွှတ်တင်မီ အရည်အသွေး စမ်းသပ်မှုအားလုံးကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ကြောင်း ဧပြီ ၆ ရက် သတင်းများအရ သိရသည်။

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၆ ဒုံးပျံစမ်းသပ်ပုံစံကို ပြင်သစ် ဂီယာနာဒေသ ကိုရူးအာကာသစခန်း၌ စမ်းသပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာရီယာနီ-၆ ဒုံးပျံစမ်းသပ်ပုံစံမှာ ကိုယ်ထည်အလျား ၆၂ မီတာထိရှိကြောင်း သိရသည်။

ဥရောပအာကာသ အေဂျင်စီသည် အာရီယာနီ-၆ ဒုံးပျံသစ်ကို ယခုနှစ် ဇူလိုင် ၁၈ ရက်တွင် ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် လက်ရှိအသုံးပြုနေသော အာရီယာနီ-၅ ဒုံးပျံများနေရာ၌ အစားထိုးရေးအတွက် အာရီယာနီ-၆ ဒုံးပျံကို တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အာရီယာနီ-၆ ဒုံးပျံသည် အလေးချိန် ၂၀၆၀၀ ကီလိုဂရမ်ရှိသော ဂြိုဟ်တုနှင့်အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းကြောင်း အောက်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## တစ်ရက်တစ်ကြိမ် ထိုးနှံရသည့်ဆီးချိုဆေးတစ်မျိုးက ပါကင်ဆန်ရောဂါပြင်းထန်လာမှုကို လျှော့ချနိုင်

**ပဲရစ် ဧပြီ ၇**

တစ်ရက်လျှင်တစ်ကြိမ်ထိုးနှံရသည့် ဆီးချိုရောဂါဆေးတစ်မျိုးသည် ပါကင်ဆန်ရောဂါလက္ခဏာများ ပြင်းထန်လာမှုကိုလျှော့ချရေးအတွက် အထောက်အကူပေးနိုင်ကြောင်း ဧပြီ ၆ ရက် သတင်းများအရ သိရသည်။

Lixisenatide (Lyxumia) ခေါ် ဆီးချိုထိုးဆေးတစ်မျိုးသည် လက်တွေ့စမ်းသပ်မှုရလဒ်များအရ တုန်ယင်မှုနှင့် လှုပ်ရှားမှုနှေးကွေးခြင်းများ ပိုဆိုးလာမှုကိုလျှော့ချပေးနိုင်သည်ကိုတွေ့ရကြောင်း ပြင်သစ်နိုင်ငံ တူးလော့စ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

Lixisenatide ထိုးဆေး၌ ဦးနှောက်ကို ကာကွယ်ပေးနိုင်သော ဂုဏ်သတ္တိမျိုးရှိနိုင်ပြီး ပါကင်ဆန်ရောဂါလက္ခဏာများ ဆိုးလာမှုကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

ပြင်သစ် သုတေသနပညာရှင်များသည် ပါကင်ဆန်ရောဂါလူနာ ၁၅၆ ဦးတို့ကို Lixisenatide ထိုးဆေးဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Lixisenatide ကုထုံးရယူပြီး ၁၂ လအကြာတွင် လှုပ်ရှားမှုနှင့်ဟန်ချက်ထိန်းမှုဆိုင်ရာ ရောဂါလက္ခဏာများ ပိုဆိုးလာမှုကို လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Lixisenatide ထိုးဆေးသည် Wegovy နှင့် Ozempic ကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေးဆေးအုပ်စုတွင်ပါဝင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## HIV ပိုးရပ်ရှိနေသူများ AIDSလက္ခဏာများ မရှိလျှင်ပင် နှလုံးရောဂါဖြစ်နိုင်ခြေမြင့်မားနိုင်

**နယူးယောက် ဧပြီ ၇**

ခုခံအား ကျဆင်းမှုရောဂါပိုးရပ် (HIV) ရှိနေသူများသည် ခုခံအားကျဆင်းမှုရောဂါ (AIDS) လက္ခဏာများမရှိခဲ့လျှင်ပင် နှလုံးရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဧပြီ ၆ ရက်တွင် ပြောကြားသည်။

HIV ပိုးရပ်ရှိနေသူ သက်လတ်ပိုင်းများတွင် နှလုံးသွေးကြောများထူလာပြီး နှလုံးအပေါ် ဖိအားသက်ရောက်လာတတ်ကာ နှလုံးရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ပိုမြင့်မားနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။


HIV ပိုးရပ် ရှိနေသူများ၏ ဘဝသက်တမ်းကို ထိရောက်သည့် ဆေးဝါးကုထုံးများဖြင့် ဆွဲဆန့်နိုင်ပြီဖြစ်သော်လည်း AIDS ရောဂါနှင့်မသက်ဆိုင်သည့် နှလုံးပြဿနာများသည် HIV လူနာများကြား ပို၍အဖြစ်များလာသည်ကို တွေ့ရကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် နှလုံးရောဂါအခံမရှိသူ HIV လူနာ ၇၄ ဦးကို ပုံမှန်ကျန်းမာရေး ကောင်းသူများနှင့် နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အဆိုအရ ကမ္ဘာတစ်ဝန်းလုံး၌ HIV ပိုးရပ်ရှိနေသူ ၃၅ သန်းခန့်ရှိကြောင်း သိရသည်။

ယခင်ပြုလုပ်ခဲ့သော သုတေသနလေ့လာချက်များတွင်လည်း နှလုံးရပ်မှုကြောင့် ရုတ်တရက်သေဆုံးနိုင်ခြေ ပို၍မြင့်မားနေတတ်ကြောင်း တင်ပြထားပြီးဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**






# ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား ပက်ထရီကို သက်တမ်းတိုးရန်ကမ်းလှမ်း

**ဘာစီလိုနာ ဧပြီ ၇**

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသည့် လူငယ်ကစားသမား ပက်ထရီကို စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ ကွင်းလယ်ကစားသမားပက်ထရီသည် လာမည့် ၂၀၂၆ ခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သောကြောင့် ကစားသမားအနေဖြင့် ဒဏ်ရာရရှိနေသော်လည်း အသင်းတာဝန်ရှိသူများက ပက်ထရီ၏ စွမ်းဆောင်ရည်ကို နှစ်သက်သဖြင့် ကာလရှည်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ပက်ထရီသည် အရည်အသွေးကောင်းမွန်သည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်အတွင်း ဒဏ်ရာပြဿနာများနှင့် မကြာခဏ ရုန်းကန်နေရသဖြင့် ဘာစီလိုနာအသင်း၏ စာချုပ်သက်တမ်းတိုးမှုကို တုံ့ပြန်ခြင်းမရှိသေးဘဲ ဒဏ်ရာပျောက်ကင်းရေးအတွက်သာ အလေးထားနေပြီး လာမည့်နှစ် ဘောလုံးရာသီတွင် ပါဝင်ကစားနိုင်ရန် မျှော်လင့်ထားသော်လည်း အသင်းတာဝန်ရှိသူများက ကစားသမား၏ အေးဂျင့်ဖြစ်သူကို လက်ရှိစာချုပ်သစ်ကိစ္စအား ဦးစားပေးစဉ်းစားပေးရန် အကြောင်းကြားထားကြောင်း သိရသည်။

ပက်ထရီသည် ၂၀၂၀ ပြည့်နှစ်က လက်ပါးမက်အသင်းမှ ဘာစီလိုနာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၃၃ ပွဲတွင် သွင်းဂိုး ၁၈ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ၂၀၂၁ ခုနှစ်တွင် လူငယ်တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**




| ပရီးမီးယားလိဂ် ပွဲစဉ် (၃၂) ရလဒ် | | | |
|---|---|---|---|
| မန်ယူ | ၂ | - ၂ | လီဗာပူး |

| ပြင်သစ်လီဂူး ပွဲစဉ် (၂၈) ရလဒ် | | | |
|---|---|---|---|
| ဘရက် | ၄ | - ၃ | မက်ဇ် |
| မောင့်ပယ်လီယာ | ၂ | - ၀ | လိုရီယန့် |
| ရိန်း | ၀ | - ၀ | နိုက် |
| တူးလော့ | ၀ | - ၀ | စထရာဘော့ |
| မိုနာကို | ၁ | - ၀ | ရင်းနက် |

(၀၄၀)

## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းမှ ဂျီရိုနာအသင်းသို့ အငှားချထားသည့် ယန်ကော်တိုက ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- နည်းပြဂွါဒီယိုလာ၏ ယုံကြည်မှုမရတော့မည့် ကယ်ဗင်ဖီးလစ်ကို လာမည့်နွေရာသီတွင် စတာလင်ပေါင်သန်း ၃၀ နှင့် ၄၀ ကြားရရှိပါက ရောင်းချမည်ဟု မန်စီးတီးအသင်းက ပြောကြားခဲ့သည်။

ML

# စပိန်ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲတွင် ပင်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ရခဲ့သည့် ဘီလ်ဘာအိုအသင်း ချန်ပီယံဆုဆွတ်ခူး




**မက်ဒရစ် ဧပြီ ၇**

စပိန်ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲစဉ်အဖြစ် ဘီလ်ဘာအိုအသင်းနှင့် မာယော့ကာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဘီလ်ဘာအိုအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဆွတ်ခူးခဲ့သည်။

ဘီလ်ဘာအို အသင်းသည် ၁၉၈၄ ခုနှစ်ကတည်းက ဆုဖလားများနှင့် ဝေးကွာခဲ့ရသော်လည်း ယခုပွဲစဉ်တွင် မာယော့ကာကို အနိုင်ရခဲ့သဖြင့် နှစ်ပေါင်း ၄၀ ကြာ ဆုဖလား လက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ကိုပါဒယ်ရေးဖလားသမိုင်းတွင်လည်း ၂၅ ကြိမ်မြောက် ဆုဖလားရရှိခဲ့သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဘာစီလိုနာအသင်းက ဆုဖလားရရှိမှု ၃၁ ကြိမ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဘီလ်ဘာအိုအသင်းသည် ၁၆ သင်းအဆင့်တွင် အလာဗက်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ကွာတားဖိုင်နယ်အဆင့်တွင် ဘာစီလိုနာအသင်းကို လေးဂိုးနှစ်ဂိုး၊ ဆီမီးဖိုင်နယ်အဆင့်တွင် အေတီကိုအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ကာ မာယော့ကာအသင်းနှင့် တွေ့ဆုံခဲ့ရာတွင် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှု အသာဖြင့်ဖိအားပေး ကစားနိုင်ခဲ့သော်လည်း မာယော့ကာအသင်း၏ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိ၍ ပွဲကစားချိန် ၂၁ မိနစ်တွင် ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်းတွင် တိုက်စစ်ကစားပုံမြှင့်တင်လာသည့် ဘီလ်ဘာအိုက ဆက်တိုက်ဖိအားပေးခဲ့ရာ ပွဲကစားချိန် မိနစ် ၅၀ တွင်ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် ထိန်းချုပ်ကစားမှုကြောင့် ဂိုးမရရှိဘဲ အချိန်ပိုဆက်လက်ကစားခဲ့ရကာ အချိန်ပိုတွင်လည်း သရေရလဒ်သာ ထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ဘီလ်ဘာအိုအသင်းက ပင်နယ်တီလေးကြိမ်တွင် လေးကြိမ်စလုံး ဂိုးရခဲ့သော်လည်း မာယော့ကာအသင်းက နှစ်ကြိမ်သာ ဂိုးရခဲ့သဖြင့် လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆုဖလားရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ခံစစ်ကစားသမား ရီစီဂျိမ်းအလိုက်ပေး၍ ချူအာမန်နီကိုခေါ်ယူရန် ချဲလ်ဆီးအသင်းကြိုးပမ်း

**လန်ဒန် ဧပြီ ၇**

ချဲလ်ဆီးအသင်းသည် ကွင်းလယ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက စိတ်ဝင်စားနေသည့် ခံစစ်ကစားသမား ရီစီဂျိမ်းကို အလိုက်ပေးကမ်းလှမ်း၍ ချူအာမန်နီကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ချူအာမန်နီသည် ၂၀၂၂ ခုနှစ်က မိုနာကိုအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပုံမှန်ပွဲထွက်ခွင့်ရရှိရန်ခက်ခဲခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၃၂ ပွဲ ပါဝင်ကစားခဲ့ရာတွင် ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းက အသင်း၏ ကွင်းလယ်ကစားပုံကို ပြောင်းလဲပေးနိုင်မည်ဟု ယုံကြည်နေပြီး အသင်းခေါင်းဆောင် ရီစီဂျိမ်းနှင့် အလိုက်ပေးကမ်းလှမ်းရန် ပစ်မှတ်ထားနေသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ညာတောင်ပံခံစစ်ပိုင်းတွင် ကာဗာဂျယ်နှင့် ဗက်ကွက်ဇ်တို့ရှိနေသဖြင့် ညာတောင်ပံခံစစ်ပိုင်း ထပ်မံဖြည့်တင်းရန် အစီအစဉ်မရှိသော်လည်း ရီစီဂျိမ်းနှင့် အလိုက်ပေးကမ်းလှမ်းမှုကို စိတ်ဝင်စားလျက်ရှိနေကာ ချဲလ်ဆီးအသင်းကလည်း ဘဏ္ဍာရေးစည်းမျဉ်းကြောင့် ကစားသမားအလိုက်ပေး၍ လာမည့်နွေရာသီတွင် ချူအာမန်နီကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ကွင်းလယ်ခံစစ်ပိုင်းအတွက် ကာစီဒို၊ အန်ဇိုဖာနန်ဒက်စ်တို့ကိုသာ အသုံးပြုခဲ့ရပြီး ကာစီဒိုအနေဖြင့် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသောကြောင့် ကွင်းလယ်ကစားအား ကျဆင်းသွားခဲ့ကာ ခံစစ်ပိုင်းကို မကူနိုင်တော့သဖြင့် အမှတ်ပေးပြိုင်ပွဲ ၂၉ ပွဲတွင် ပေးဂိုး ၅၀ ထိ ခွင့်ပြုခဲ့ရပြီး ရလဒ်ပိုင်းကျဆင်းခဲ့မှုကြောင့် ကွင်းလယ်ပိုင်းပြဿနာကိုဖြေရှင်းနိုင်ရန် ချူအာမန်နီကိုခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# T-Mobile Match Play ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ လီယွန်နာမက်ဂွဲယားနှင့် နယ်လီကော့ဒါတို့တက်ရောက်

**လက်စ်ဗီးဂတ် ဧပြီ ၇**

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လက်စ်ဗီးဂတ်မြို့တွင် ကျင်းပနေသည့် T-Mobile Match Play ဂေါက်သီးရိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်အဖြစ် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် အန်နာရင်က အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး အိုင်ယာလန်ဂေါက်သီးရိုက်မယ် လီယွန်နာမက်ဂွဲယားက တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်စီယန်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် နယ်လီကော့ဒါက အန်နာရင်ကို အနိုင်ရရှိခဲ့ပြီး လီယွန်နာမက်ဂွဲယားက ကင်မ်စီယန်းကို အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နယ်လီကော့ဒါသည် T-Mobile Match Play ဂေါက်သီးရိုက်ပြိုင်ပွဲ မတိုင်မီ LPGA Tour ၏ ပြိုင်ပွဲသုံးရပ်ဆက်တိုက်တွင် ချန်ပီယံဆုကို ဆွတ်ခူးထားပြီး T-Mobile Match Play ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်တွင် အနိုင်ရရှိခဲ့ပါက ပြိုင်ပွဲလေးရပ်ဆက်တိုက်တွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် ပထမဦးဆုံးသော ဂေါက်သီးရိုက်မယ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

နယ်လီကော့ဒါသည် လက်ရှိကမ္ဘာ့အကောင်းဆုံး ဂေါက်သီးရိုက်မယ် တစ်ဦးဖြစ်သည့်အတွက် နယ်လီကော့ဒါနှင့် တစ်ဦးချင်းယှဉ်ပြိုင်သွားရမည့် အခြေအနေသည် မိမိအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်းလည်း လီယွန်နာမက်ဂွဲယားက ဝန်ခံပြောကြားခဲ့သည်။



လီယွန်နာမက်ဂွဲယားက "နယ်လီကော့ဒါဟာ အခုချိန်မှာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတစ်ယောက်ပါ။ ဒီပြိုင်ပွဲမှာလဲ ဗိုလ်စွဲဖို့ ရေပန်းစားနေတဲ့ ကစားသမားတစ်ယောက်ပါ။ ဒီနှစ်အတွင်း နယ်လီကော့ဒါရဲ့ စွမ်းဆောင်ရည် တွေရယူနိုင်ခဲ့တဲ့ အောင်မြင်မှုတွေက အံ့မခန်းပါပဲ။ ပုံစံကောင်းရနေတဲ့ ကစားသမားတစ်ယောက်နဲ့ ဗိုလ်လုပွဲအဆင့်မှာ ထိပ်တိုက်တွေ့ဆုံရမဲ့ အခြေအနေဟာ ကျွန်မအတွက် အရမ်းကိုခက်ခဲပါလိမ့်မယ်။ ကျွန်မအနေနဲ့လဲ ဒီလိုစိတ်ဝင်စားစရာကောင်းတဲ့ ပြိုင်ပွဲမျိုးမှာ အောင်မြင်မှုဆွတ်ခူးချင်တယ်။ ဒါကြောင့် ဗိုလ်လုပွဲစဉ်မှာ အကောင်းဆုံးကစားနိုင်အောင်တော့ ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# မန်စီးတီးအသင်းသမိုင်းတစ်လျှောက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု အကြိမ် ၁၀၀ နှင့်အထက်ပြုလုပ်နိုင်ခဲ့သည့် ကစားသမားအဖြစ် ဒီဘရိုင်းမှတ်တမ်းဝင်




**မန်ချက်စတာ ဧပြီ ၇**

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ပဲလေ့စ်အသင်းနှင့် မန်စီးတီးအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မန်စီးတီးအသင်းနှင့်ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု အကြိမ် ၁၀၀ နှင့်အထက်ပြုလုပ်နိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပွဲစဉ် (၃၂) အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းက ပဲလေ့စ်အသင်းကို လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာတွင် ဒီဘရိုင်းက အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ပွဲချိန် ၁၃ မိနစ်နှင့် မိနစ် ၇၀ တို့တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် မန်စီးတီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်ရှိ ဒီဘရိုင်းသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် နည်းပြဂွါဒီယိုလာလက်အောက်တွင် အဓိကကစားသမားအဖြစ် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး မန်စီးတီးအသင်း ဥရောပတွင် ထိပ်တန်းအသင်း ဖြစ်လာခဲ့ရာ၌ အဓိကနေရာမှပါဝင်ခဲ့သူဖြစ်သည်။

ဒီဘရိုင်းသည် ပဲလေ့စ်အသင်းနှင့် မန်စီးတီးအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ခဲ့ပြီးနောက် မန်စီးတီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၇၂ ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့်အပြင် ဂိုးဖန်တီးမှု ၁၆၈ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

ဒီဘရိုင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် ပွဲစဉ်အများစုကို လွဲချော်ခဲ့သော်လည်း ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် ကစားခွင့်ရရှိခဲ့သည့် ပွဲစဉ်တိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : STA

# နည်းပြ မော်တာကိုခန့်အပ်ရန် ပစ်မှတ်ထားနေသည့် အသင်းများတွင် မန်ယူအသင်းပါဝင်လာ

**ရောမ ဧပြီ ၇**

ယခုနှစ် ဘောလုံးရာသီတွင် ဘိုလော့ဂ်နာအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားသည့် နည်းပြမော်တာကို နည်းပြသစ်ခန့်အပ်ရန် ပစ်မှတ်ထားနေသည့် အသင်းများတွင် မန်ယူအသင်းလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။

အသက် ၄၁ နှစ်ရှိ အင်တာမီလန်အသင်းနှင့် ပီအက်စ်ဂျီအသင်းကစားသမားဟောင်းတစ်ဦးဖြစ်သည့် မော်တာသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ပီအက်စ်ဂျီအသင်းတွင် နောက်ဆုံးကစားခဲ့ပြီး ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်တွင်ပင် ပီအက်စ်ဂျီ ယူ-၁၉အသင်းနည်းပြအဖြစ် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို စတင်ခဲ့သူဖြစ်သည်။

ထို့နောက် နည်းပြမော်တာသည် ဂျီနိုအာအသင်း၊ စပီဇီယာအသင်း အစရှိသည့်အသင်းများကို တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်က ဘိုလော့ဂ်နာအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြမော်တာသည် ယခုနှစ် ဘောလုံးရာသီတွင် ဘိုလော့ဂ်နာအသင်းကို အံ့အားသင့်ဖွယ်ရလဒ်ကောင်းများရယူပေးနိုင်ခဲ့ပြီး အီတလီစီးရီးအေပြိုင်ပွဲတွင် ၃၁ ပွဲကစားပြီးချိန်၌ ရမှတ် ၅၈ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၄)နေရာတွင် ရပ်တည်အောင် စွမ်းဆောင်ထားနိုင်ခဲ့ပြီး ဥရောပဝင်ခွင့်တစ်နေရာအတွက် နီးစပ်လျက်ရှိနေသည်။

မန်ယူအသင်းက ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်နည်းပါးနေပြီး လက်ရှိတွင် နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် စီစဉ်ထားခြင်း မရှိသေးသော်လည်း ပူးတွဲပိုင်ရှင် ရက်ကလစ်ဖ်ကအသင်းကို အပြောင်းအလဲများလုပ်ဆောင်နေသည့်အတွက် နည်းပြတန်ဟတ်၏ အနာဂတ်မှာလည်း မရေမရာဖြစ်နေကာ ရက်ကလစ်ဖ်က တန်ဟတ်ကို ထုတ်ပယ်ခဲ့ပါက လက်ရှိ ဂျာမနီအသင်းနည်းပြနာဂျယ်စမန်းနှင့် မော်တာတို့မှ တစ်ဦးဦးနှင့် အစားထိုးဖွယ်ရှိနေကြောင်း သိရသည်။

Ref : RT

Trs : STA

# လီဗာပူးအသင်းက ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ဗယ်ဗာဒီကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့်ကမ်းလှမ်းရန် ပြင်ဆင်

**လန်ဒန် ဧပြီ ၇**

လီဗာပူးအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ဗယ်ဗာဒီကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဟန်ဒါဆန်၊ ဂျိမ်းမီနာ၊ ဖာဘင်ဟို၊ နာဘီကီတာ၊ ချိန်ဘာလိန်း အစရှိသည့် ကစားသမားများကို အသင်းမှ ထွက်ခွာခွင့်ပေးခဲ့ပြီးနောက် မက်အဲလက်စတာ၊ အန်ဒို၊ ဆိုဘော့ဇလို၊ ဂရာဗန်ဘာ့ချ်တို့နှင့် ပြန်လည်အစားထိုးခဲ့သည်။

သို့သော် လီဗာပူးအသင်းသည် အသင်းကွင်းလယ်ပိုင်းကို ယခုထက် ပိုမိုအင်အားတောင့်တင်းလိုနေသည့်အတွက် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့် ကွင်းလယ်ကစားသမား ဗယ်ဗာဒီကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

ဗယ်ဗာဒီသည် လက်ရှိတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး ဥရောပတွင် အကောင်းဆုံးကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်လျက်ရှိနေသည့်အတွက် လီဗာပူးအသင်းက ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူလိုနေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကတည်းက ဗယ်ဗာဒီကို ခေါ်ယူရန်အတွက် ကြိုးပမ်းခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၅၀ ထိပေးပြီး ကမ်းလှမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သည့်အတွက် ယခုအခါ ဒုတိယအကြိမ်အဖြစ် ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၅၀ ထက် တိုးမြှင့်ပြီး ကမ်းလှမ်းရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

Ref : Sputnik

Trs : STA

# Charleston Open ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ဒန်နီလီကောလင်းနှင့် ကာဆက်ကီနာတို့ တက်ရောက်

**ချာလီစတန် ဧပြီ ၇**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ချာလီစတန်မြို့တွင်ကျင်းပနေသည့် Charleston Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိလာသည့် အမေရိကန်တင်းနစ်မယ် ဒန်နီလီကောလင်းနှင့် ရုရှားတင်းနစ်မယ် ကာဆက်ကီနာတို့က ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကာဆက်ကီနာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ပြိုင်ပွဲ၌ ဗိုလ်စွဲရန်ရေပန်းစားနေသည့် ပီဂူလာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ကာဆက်ကီနာက (၆-၄၊ ၄-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဒန်နီလီကောလင်းက ဆီမီးဖိုင်နယ်အဆင့်တွင် ဂရိတင်းနစ်မယ် ဆက်ကာရီနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဒန်နီလီကောလင်းက (၆-၃၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဒန်နီလီကောလင်းက "ကျွန်မအတွက် ဂုဏ်ယူဖွယ်ရာရက်သတ္တပတ်ဖြစ်ပါတယ်။ အခက်အခဲတွေကိုကျော်လွှားနိုင်ပြီးတော့ အခုကျွန်မဖြစ်ချင်တဲ့အရာတွေ ဖြစ်လာပြီ။ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့်ရခဲ့တာ ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လဲ ကျွန်မအကောင်းဆုံးကြိုးစားခဲ့တာဖြစ်ပါတယ်။ ကစားသမားဘဝရဲ့ နောက်ဆုံးရာသီမှာ ဆုဖလားတစ်လုံးယူချင်တဲ့ ကျွန်မရဲ့ဆန္ဒတွေကို အကောင်အထည်ဖော်နိုင်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# မတ်လအတွက် ဂျာမန်ဘွန်ဒက်လီဂါ တစ်လတာအကောင်းဆုံးကစားသမားဆုကို လေဗာကူဆင်အသင်း ကွင်းလယ်ကစားသမား ဖလိုရီယန်ဝစ်ဇ်ရရှိ




**ဘာလင် ဧပြီ ၇**

ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲ၏ မတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို လေဗာကူဆင်အသင်း လူငယ်ကွင်းလယ်ကစားသမား ဖလိုရီယန်ဝစ်ဇ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက်၂၀ ရှိ ဖလိုရီယန်ဝစ်ဇ်သည် ယခုနှစ် ဘောလုံးရာသီတွင် လေဗာကူဆင်အသင်းနှင့် အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး လေဗာကူဆင်အသင်း ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ရန် ၎င်းက အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဖလိုရီယန်ဝစ်ဇ်သည် မတ်လအတွင်းကစားခဲ့သည့် ပွဲစဉ်များတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီးနောက် မတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဖလိုရီယန်ဝစ်ဇ်သည် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သော်လည်း တိုက်စစ်ပိုင်းထိ လိုက်ပါဂိုးသွင်းယူနိုင်စွမ်းရှိပြီး ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ၂၈ ပွဲကစားပြီးချိန်၌ ရှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သူဖြစ်သည်။

အလားတူ ဖလိုရီယန်ဝစ်ဇ်သည် နောက်ဆုံးပါဝင်ကစားခဲ့သည့် လေးပွဲတွင် လေးဂိုးထိသွင်းယူနိုင်ခဲ့သည့်အပြင် တစ်ကြိမ်ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၈ ကြိမ်ထိပြုလုပ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : STA

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၈) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | အော့စ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၃ | ဂလာဘတ် |

**အီတလီစီးရီးအေ ပွဲစဉ် (၃၁) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုစီဝမ်း | ၀ | - | ၀ | ဘိုလော့ဂ်နာ |
| မွန်ဇာ | ၂ | - | ၄ | နာပိုလီ |
| ကက်ဂလီယာရီ | ၂ | - | ၁ | အတ္တလန်တာ |
| ဗီရိုနာ | ၁ | - | ၂ | ဂျီနိုအာ |

(၀၄၀)

# ကမ္ဘာ့ပြည်သူများ၏အသိစိတ်ကို စမ်းသပ်လိုက်သည့် ရုရှားကဇာတ်ရုံအကြမ်းဖက်တိုက်ခိုက်မှု




အကြမ်းဖက်တိုက်ခိုက်မှုများသည် သတိပေးမှု မရှိဘဲ မကြာခဏဖြစ်ပေါ်နေသည်။ နိုင်ငံသားများ အနေဖြင့် သတိဝီရိယဖြင့်နေသင့်သည်။ ခရီးသွားတိုင်း မိမိတို့လုံခြုံရေးကို အကောင်းဆုံးလုပ်ဆောင်ထား သင့်သည်။ နိုင်ငံ၏ သတင်းများထုတ်ပြန်ချက်ကို ဖတ်ရှုပါ။ ခရီးသွားမည့်ဒေသနှင့် ပတ်သက်၍ သက်ဆိုင်ရာအကြံပေးအဖွဲ့၏ ထုတ်ပြန်ချက်များကို ဖတ်ရှုမေးမြန်းပါ။ ၎င်းအဖွဲ့က လုံခြုံရေးသတိပေး ချက်များ ပေးပို့ပေးသည်။ ပြည်ပ၌ ရောက်နေလျှင် လည်း ပြည်တွင်းသတင်းများကို ကြည့်ရှုသင့်သည်။ အကြမ်းဖက်သမားများသည် သာမန်လက်နက်များ အသုံးပြုနိုင်သကဲ့သို့ သမားရိုးကျမဟုတ်သည့် လက်နက်များလည်း အသုံးပြုကောင်းပြုနိုင်သည်။ ဤအချက်များသည် အမေရိကန်နိုင်ငံက နိုင်ငံသား များအတွက် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ထုတ်ပြန် ထားခြင်းဖြစ်သည်။

**ခရိုကပ်စ်မြို့တော်ခန်းမ တိုက်ခိုက်ခံရမှု**

မော်စကိုမြို့အပြင်ဘက်ရှိ ခရိုကပ်စ်မြို့တော် ခန်းမတွင် ၂၀၂၄ ခုနှစ် မတ် ၂၂ ရက်ညက ဖျော်ဖြေ ပွဲလာရောက်သူများကို အကြမ်းဖက်တိုက်ခိုက်မှု ကြောင့် အနည်းဆုံးလူ ၁၃၇ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရခဲ့သည်။ ဤတိုက်ခိုက်မှုသည် ရုရှား ၏ ခေတ်သစ်သမိုင်းတွင် လူသေဆုံးမှုအများဆုံး အကြမ်းဖက်တိုက်ခိုက်မှုများအနက် တစ်ခုဖြစ်သည်။ သေဆုံးမှုအရေအတွက်သည် ၂၀၀၂ ခုနှစ်တွင် မော်စကိုမြို့ ပြဇာတ်ရုံကို အကြမ်းဖက်တိုက်ခိုက်ခံရ မှုထက် ကျော်လွန်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် Beslan ဓားစာခံဖြစ်စဉ်ပေါ်ပေါက်ပြီးနောက် ဒုတိယမြောက် တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်သည်။

ယူကရိန်းနှင့်ရုရှားတို့ စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသောကြောင့် ယခုအချိန်သည် ရုရှားအတွက် လွန်စွာအရေးကြီးသော အချိန်ကာလ ဖြစ်သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ပြောရေး ဆိုခွင့်ရှိသူ ဒီမစ်ထရီပက်ရှ်ကော့ဗ်က ရုရှားနိုင်ငံသည် စစ်ဖြစ်နေသောအခြေအနေသို့ ရောက်ရှိနေပြီဟု ပြောကြားခဲ့သည်။ သမ္မတပူတင်ပြန်လည်ရွေးကောက် ခံရပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အကြမ်းဖက်သမားများ၏ ရက်စက်ကြမ်း ကြုတ်မှုနောက်ကွယ်တွင်ပါဝင်သူ မည်သူကိုမဆို ဖော်ထုတ်ပြီး ပြင်းထန်စွာပေးဆပ်စေရမည်ဟု သမ္မတ ပူတင်က ကတိပြုခဲ့သည်။ ယခုတိုက်ခိုက်မှုသည် ရုရှားပြည်တွင်းနိုင်ငံရေးနှင့်တည်ငြိမ်ရေးကို ထိခိုက် စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

အသေးစိတ်အချက်အလက်များ ထွက်ပေါ်လာ ဆဲဖြစ်သော်လည်း လက်ရှိရရှိထားသည့်အချက်အလက် များအရ အကြမ်းဖက်သမားများသည် ပထမအချက် ပေးသံမှ ကားဖြင့်လွတ်မြောက်လာချိန်ထိ ၁၈ မိနစ် သာကြာမြင့်ခဲ့သည်။ အကြမ်းဖက်သမားများသည် တိုက်ခိုက်မှုတစ်လျှောက်လုံးတွင် အလွန်ကျွမ်းကျင်စွာ လှုပ်ရှားဆောင်ရွက်ခဲ့ကြပြီး လက်ပစ်ဗုံးများနှင့် မီးလောင်ဗုံးများပစ်ပေါက်ကာ ကပွဲရုံမှထွက်လာပြီး နောက် အဝတ်အစားများ အလျင်အမြန်ပြောင်းလဲခဲ့ကြ သည်။ ဖျော်ဖြေပွဲကျင်းပသည့်နေရာရှိလူများက ၎င်း တိုက်ခိုက်မှုကို တုံ့ပြန်ရန်ပင်အချိန်မရှိခဲ့ပေ။

**မည်သူ၏လက်ချက်လဲ**

IS အဖွဲ့က တိုက်ခိုက်မှုသည် ၎င်းတို့လက်ချက်ဖြစ် သည်ဟု ကြေညာခဲ့သော်လည်း မည်သူကကျူးလွန်ခဲ့ သည်ဟူသော မေးခွန်းများလည်း ရှိနေဆဲဖြစ်သည်။ ဤတိုက်ခိုက်မှုနှင့် ယခင်က ISIS တို့ကြားတွင် မေးခွန်းထုတ်စရာ ကွာခြားချက်များ ရှိနေသည်။ အများအားဖြင့် ISIS အစွန်းရောက်များသည် အယူ ဝါဒဖြင့် အသေခံတိုက်ခိုက်သူများဖြစ်သည်။ ၎င်းတို့ အတွက် အသေခံဗုံးဖောက်ခွဲမှုသည် မရှိမဖြစ်လိုအပ် ပြီး အကြမ်းဖက်အဖွဲ့သည် ၎င်းတို့၏အမုန်းတရားများ ကို ကမ္ဘာကနားလည်နိုင်ရန် အင်တာနက်ပေါ်တွင် လူသိရှင်ကြားဝန်ခံလေ့ရှိသည်။ ၎င်းတို့၏တာဝန်များ ကိုထမ်းဆောင်ရန်အတွက် အသက်ကိုစွန့်လွှတ်ရန် အသင့်ဖြစ်နေသူများလည်း ဖြစ်သည်။ သို့သော်လည်း တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဖမ်းဆီးရမိခဲ့သည့် အဆိုပါ ရုရှားမဟုတ်သူလေးဦးသည် ရူဘယ် ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၀၀၀ ထက်နည်းသော) ဖြင့် လူသတ်လိုသူများဖြစ်ပြီး မိမိကိုယ်ကိုသတ်သေရန် ရည်ရွယ်ချက်မရှိသဖြင့် အသက်အန္တရာယ်မှလွတ် မြောက်ရန် လျင်မြန်စွာထွက်ပြေးခဲ့ကြသည်။ ဖမ်းဆီး ခံရချိန်တွင် လေးဦးအနက် တစ်ဦးသည် ဘဏ်ကတ် ကိုပင် ကိုင်ဆောင်ခြင်းမရှိဘဲ လမ်းပေါ်ပစ်ချခဲ့သည်။ ထို့ကြောင့် ISIS တို့ပြုလုပ်ခဲ့သည်ဟူသောအချက်ကို အနောက်နိုင်ငံများက ပိုယုံကြည်လေ ရုရှားက ယုံကြည်မှုမရှိလေ ဖြစ်လာသည်။

ထို့ပြင် ၂၀၀၂ ခုနှစ်တွင် မော်စကိုမြို့ ကဇာတ်ရုံ နှင့် ၂၀၀၄ ခုနှစ် Beslan ဖြစ်ရပ်နှစ်ခုစလုံးသည်ချေချင်း ညာမှ ရုရှားတပ်များကိုဆုတ်ခွာရန် နိုင်ငံရေးအရ တောင်းဆိုမှုများရှိခဲ့သည်။ သို့သော်လည်း ယခု အကြမ်းဖက်တိုက်ခိုက်မှုတွင် နိုင်ငံရေးအရတောင်းဆို မှုမျိုး မရှိသေးပေ။ ၎င်း၏ ရည်ရွယ်ချက်မှာ အသေ အပျောက် အရေအတွက်ကို အများဆုံးမြှင့်တင်ရန်သာ ဖြစ်သည်မှာ ထင်ရှားလျက်ရှိသည်။ အကြမ်းဖက်သမား အစစ်သည် လူများသေဆုံးစေသည့် ပစ်ခတ်မှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်သည့် လူ လေးဦးမဟုတ်ဘဲ အခြားသူများဖြစ်သည်ဟုယုံကြည်ရန် အကြောင်း ပြချက်များရှိသည်။ လူသတ်သမားများကို ငှားရမ်း ခြင်းသည် ဤအကြမ်းဖက်တိုက်ခိုက်မှု၏ ဝိသေသ လက္ခဏာဖြစ်ပြီး စစ်မှန်သောအကြမ်းဖက်သမားများ သည် ၎င်းတို့မည်သူဖြစ်သည်ကိုမပြလိုကြောင်းဖော်ပြ သည်။ အကြမ်းဖက်သမားများက မည်သူများဖြစ်သည် ဟူသောအချက်ကို ရှင်းလင်းစွာသိရှိစေရန်ရုရှားဘက် က နောက်ထပ်စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် လိုအပ် လျက်ရှိသည်။ အချိန်ကြာလာသည်နှင့်အမျှ အမှန် တရားသည် နောက်ဆုံးတွင် ပေါ်လာပေလိမ့်မည်။ ရုရှားတို့က အထောက်အထားများနှင့်အတည်ပြုနိုင် သည့်တိုင် အနောက်အုပ်စုနိုင်ငံများက ငြင်းဆိုလိမ့် မည်ဖြစ်သည်။ ဤဖြစ်စဉ်တွင် စစ်ဆေးမှုရလဒ်မရှိဘဲ အချိန်အတန်ကြာ ကုန်ဆုံးသွားဖွယ်ရှိနေသည်။

**ရုရှား၏တုံ့ပြန်မှု**

ရုရှားအတွက် လက်ရှိအရေးကြီးဆုံးအချက်မှာ ဤအကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်သည့် ရာဇဝတ်မှု နောက်ကွယ်မှလူများကို ရာဇဝတ်မှုအသစ်များ မကျူး လွန်မိစေရန်အတွက် ၎င်း၏ကြိုတင်ကာကွယ်တားဆီး ရေးအစီအစဉ်အားကောင်းရန်ဖြစ်သည်။ အကြမ်းဖက် သမားများသည် လက်နက်မဲ့နှင့်ခုခံကာကွယ်နိုင်စွမ်း မရှိသော အုပ်စုများရှေ့တွင်သာ ရဲရင့်လာမည်ဖြစ် သည်။ ဤအကြမ်းဖက်တိုက်ခိုက်မှုသည် သမ္မတပူတင် ကို ပြန်လည်ရွေးချယ်ခဲ့သည့် ကြေညာချက်အပေါ် တိုက်ရိုက်သက်ရောက်မှုရှိခဲ့သည်ဟုဆိုသည်။ သမ္မတ ပူတင်က ရုရှားပြည်သူများကို ရုပ်မြင်သံကြားမိန့်ခွန်း ပြောပြီး မတ် ၂၄ ရက်ကို အမျိုးသားဝမ်းနည်းခြင်း နေ့အဖြစ်ကြေညာကာ တာဝန်ရှိသူအားလုံးကို တာဝန်ခံစေပြီး ၎င်းတို့နောက်ကွယ်ရှိ တပ်ဖွဲ့ဝင် များကို ဖော်ထုတ်ပေးရန် ကတိပြုခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုတိုင်းသည် နိုင်ငံတကာ အခြေအနေကို အပြောင်းအလဲများဖြစ်ပေါ်စေမည် ဖြစ်ပြီး ဤအရာသည် ခြွင်းချက်မဟုတ်ပေ။ ရုရှားသည် ၎င်း၏ ကိုယ်ပိုင်အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲကို စတင်ရန် ဤတိုက်ခိုက်မှုဖြစ်စဉ်ကို အသုံးပြုနိုင်သည်။

❖ အနာဂတ်တွင် အကြမ်းဖက်ဝါဒကိုတိုက်ဖျက်ရန် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအားလုံး စည်းလုံးညီညွတ်မှု ရှိ၊ မရှိ စမ်းသပ်မှုသည် ကမ္ဘာ တစ်ဝန်းမှ နိုင်ငံရေးသမားများအတွက် စမ်းသပ်မှုဖြစ်သည်။ ထို့အတူ ဤကမ္ဘာကြီးတွင် အေးချမ်းတည်ငြိမ်သည့်ဘဝအတွက် တစ်ကမ္ဘာလုံးရှိ ပြည်သူများ၏မျှော်မှန်းချက် စမ်းသပ်မှုတစ်ခုလည်းဖြစ်သည်။ အနှစ်ချုပ် ဆိုရသော် အကြမ်းဖက်တိုက်ခိုက်မှုသည် နိုင်ငံကြီး၊ ငယ်မရွေး ပစ်မှတ် ထားလာသည်ကို တွေ့ရှိရသည်။ ❖

မည်သည့်နေရာတွင်ဖြစ်စေ သာမန်လူများကို လူမြင် ကွင်းတွင် ခွဲခြားခြင်းမရှိဘဲ တိုက်ခိုက်မှုများသည် လူသားတို့၏ အောက်တန်းအကျဆုံးလုပ်ရပ် တစ်ခု ဖြစ်ပြီး ကျူးလွန်သူတိုင်းကို ပြင်းပြင်းထန်ထန် အပြစ်ပေးရမည်သာဖြစ်သည်။ အကြမ်းဖက်မှုတန်ပြန် ရေးတွင် မလိုတစ်မျိုး လိုတစ်မျိုး သို့မဟုတ် အကြမ်း ဖက်မှုတန်ပြန်ရေးတွင် နိုင်ငံရေးရည်ရွယ်ချက်များ ပူးတွဲပါရှိခြင်းသည် နောက်ပြန်ဆုတ်သွားပြီး အကြမ်း ဖက်မှုကို ရှင်သန်ခွင့်ပေးရာရောက်လိမ့်မည်ဖြစ်သည်။

အတိတ်ကာလက ကံမကောင်းစွာပင် ရုရှား သို့မဟုတ် တရုတ်တို့အကြမ်းဖက်တိုက်ခိုက်ခံရသည့် အခါတွင် အချို့သော အနောက်တိုင်းနိုင်ငံရေးသမား များနှင့် မီဒီယာများကြားတွင် ရေပန်းစားနေသောစံ နှစ်ခုရှိခဲ့သည်။ အရပ်သားများအပေါ် အကြမ်းဖက် တိုက်ခိုက်မှုများသည် ယဉ်ကျေးသောအစိုးရအားလုံး ၏ ဘုံရန်သူဖြစ်သင့်သည်ဟုဆိုခဲ့ကြသည်။ ကမ္ဘာပေါ် ရှိ နိုင်ငံအားလုံးမှ ပြည်သူများစည်းလုံးညီညွတ်မှသာ လျှင် အကြမ်းဖက်သမားများ ပုန်းအောင်းရန်နေရာ ရှာနိုင်မည် မဟုတ်ပေ။

မတ်လအစောပိုင်းတွင် မော်စကိုမြို့ရှိ အမေရိကန် သံရုံးက အကြမ်းဖက်တိုက်ခိုက်မှုဖြစ်နိုင်ခြေရှိကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ၉/၁၁ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် အမေရိကန်၏ အကြမ်းဖက်မှုနှိမ်နင်းရေးဆောင်ရွက်မှုများတွင် ရုရှား သည် အမေရိကန်၏တောင်းဆိုမှုများကို တုံ့ပြန်ပြီး အကူအညီများပေးအပ်သည့် ပထမဆုံးသောနိုင်ငံဖြစ် သည်ကို သတိချပ်သင့်သည်။ အနာဂတ်တွင် အကြမ်း ဖက်ဝါဒကိုတိုက်ဖျက်ရန် ကမ္ဘာတစ်ဝန်းရှိနိုင်ငံအားလုံး စည်းလုံးညီညွတ်မှု ရှိ၊ မရှိ စမ်းသပ်မှုသည် ကမ္ဘာ တစ်ဝန်းမှ နိုင်ငံရေးသမားများအတွက် စမ်းသပ်မှုဖြစ် သည်။ ထို့အတူ ဤကမ္ဘာကြီးတွင် အေးချမ်းတည်ငြိမ် သည့်ဘဝအတွက် တစ်ကမ္ဘာလုံးရှိ ပြည်သူများ၏ မျှော်မှန်းချက် စမ်းသပ်မှုတစ်ခုလည်းဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် အကြမ်းဖက်တိုက်ခိုက်မှုသည် နိုင်ငံကြီး၊ ငယ် မရွေး ပစ်မှတ်ထားလာသည်ကို တွေ့ရှိ ရသည်။ ပစ်မှတ်များသည် ဘာသာရေးအဆောက်အအုံ များ၊ ကဇာတ်ရုံများ၊ စာသင်ကျောင်းများ၊ ပန်းခြံများ၊ ဈေးဝယ်စင်တာများ၊ သယ်ယူပို့ဆောင်ရေးအချက် အချာနေရာများဖြစ်သည်ကို တွေ့ရှိရသည်။ ၉/၁၁ တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ရုရှားက အမေ ရိကန်ကို ကူညီခဲ့သော်လည်း ယခုဖြစ်စဉ်တွင် အမေ ရိကန်တို့ နှုတ်ဆိတ်နေခဲ့သည်ကိုလည်း တွေ့ရှိရသည်။ တိုက်ခိုက်မှုနှင့်ပတ်သက်၍ တစ်ဖက်၌ ယောင်ပြ အမည်ခံကြေညာခဲ့သော်လည်း အမှန်တကယ်အကြမ်း ဖက်သမားတို့၏လုပ်ရပ်နှင့် ဖမ်းဆီးရမိသူတို့၏ သွင်ပြင်တို့သည် ကွဲပြားခြားနားလျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။ ထို့ကြောင့် ရုရှားသမ္မတပူတင်က ဤတိုက်ခိုက်မှု၏နောက်ကွယ်တွင် ကြိုးကိုင်သူရှိနေပြီး ၎င်းတို့ကို ဖော်ထုတ်ရှင်းလင်းမည်ဟု ကတိပြုခဲ့ ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အကြမ်းဖက်မှုများ သည် မည်သည့်အချိန်အခါတွင်မဆို ဖြစ်နိုင်သော ကြောင့် ပြည်သူများအနေဖြင့် အကြမ်းဖက်တိုက် ခိုက်မှုများကို အချိန်မရွေး၊ နေရာမရွေး သတိရှိရန်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းကို ရုရှား ကဇာတ်ရုံတိုက်ခိုက်ခံရမှုက သင်ခန်းစာပေးလိုက် ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- Terrorism attack in Moscow a test of the world's conscience, Xinhuanet, March 2024.

နေရှား(သုတေသန)

# မြေ ၈ ရက်တွင် ကိုယ်တိုင်ရေးသေမိန့် ဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




ရန်ကုန် မေ ၇

လာဗင်ဒါ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ကိုယ်တိုင်ရေးသေမိန့် ဇာတ်ကားကို မေ ၈ ရက်တွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ကျော်က ပြောပြ၍ သိရသည်။

ကိုယ်တိုင်ရေးသေမိန့် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒေဝတာက ရေးသားထားပြီး သီဟစိုးက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ဩရသက တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ဇာတ်ကားအဖြစ် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၇ ခုနှစ်လောက်က ရုံတင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကို မကြည့်လိုက်ရသေးတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ဇာတ်ကားအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်။ ဇာတ်ကားကတော့ ကားမတော်တဆမှုဖြစ်သွားတဲ့ ရဲမိုး(နေတိုး) တစ်ယောက် အိမ်ပြန်လာချိန်မှာ ဝိညာဉ်ဖြစ်နေတဲ့ သက်သခင် (ခင်ဝင့်ဝါ)နဲ့စုံကြရာကနေ ဒီဇာတ်ကားလေး ဖြစ်လာပါတယ်။ သူတို့နှစ်ယောက် ဘယ်လိုတွေဆက်ဖြစ်မယ်ဆိုတာ ဖန်သားပြင်ပေါ်မှာ ကြည့်ရှုပေးကြပါ"ဟု သရုပ်ဆောင် ကျော်ကျော်က ပြောပြသည်။

ကိုယ်တိုင်ရေးသေမိန့် ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ကျော်ကျော်၊ ခင်ဝင့်ဝါနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Fly Me to the Moon ဇာတ်ကား၌ စကားလက်ဂျိုဟန်ဆင်နှင့်ချန်နင်းတာတမ်တို့ ပါဝင်ထား

နယူးယောက် မေ ၇

Fly Me to the Moon အမည်ရှိ အချစ်ဟာသဇာတ်ကားသစ်တွင် မင်းသမီး စကားလက်ဂျိုဟန်ဆင်နှင့် မင်းသား ချန်နင်းတာတမ်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း မေ ၆ ရက် သတင်းများအရ သိရသည်။

Fly Me to the Moon ဇာတ်ကား၏ ပထမဆုံးနမူနာဇာတ်ဝင်ခန်းများကို ဆိုနီရုပ်ရှင်ကုမ္ပဏီက မေ ၈ ရက်တွင် ထုတ်လွှင့်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး စကားလက်ဂျိုဟန်ဆင်နှင့် မင်းသား ချန်နင်းတာတမ်တို့အပြင် မင်းသား ဂျင်ရက်၊ ရေးရှိမာနီနှင့် ဝုဒီဟာရယ်ဆန်တို့ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂရက်ဘာလန်တီက ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Fly Me to the Moon ဇာတ်ကားကို ယခုနှစ် ဇူလိုင် ၁၂ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO





# သင်္ကြန်ကကြိုး ဇာတ်ကားကို SKYPREMIER HD မှ ထုတ်လွှင့်မည်ဖြစ်

ရန်ကုန် မေ ၇

သင်္ကြန်ကကြိုး ဇာတ်ကားကို မေ ၈ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ထက်အောင်က ပြောပြ၍ သိရသည်။

သင်္ကြန်ကကြိုး ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"သင်္ကြန်ကာလကို အခြေခံထားတဲ့ လူငယ်ကြိုက် အချစ်၊ ဟာသ ဇာတ်မြူးလေးပါ။ သင်္ကြန်ကာလကို အခြေခံထားတဲ့ အတွက် သင်္ကြန်သီချင်းအသစ်တွေလဲ ပါဝင်မှာဖြစ်ပါတယ်။ တစ်ပိုင်းတည်းအပြီး ဇာတ်ကားဖြစ်ပါတယ်။ မြန်မာတို့ရဲ့ နှစ်သစ်ကူးအတာသင်္ကြန်ကာလမှာ သင်္ကြန်ရနံ့တွေနဲ့အတူ ခံစားရမဲ့ ဇာတ်ကားလေးဖြစ်ပါတယ်"ဟု သရုပ်ဆောင် ကျော်ထက်အောင်က ပြောပြသည်။

သင်္ကြန်ကကြိုး ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ နေဝန်း၊ နန်းဆုရတီစိုး၊ မေမဒီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

ASH




# Dune: Part Two ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ ၆၃၁ သန်းကျော်ရှိလာ

နယူးယောက် မေ ၇

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Dune: Part Two ဇာတ်ကားသည် မေ ၅ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၆၃၁ သန်းထိ ရရှိလာပြီဖြစ်ကြောင်း မေ ၆ ရက် သတင်းများအရ သိရသည်။

Dune: Part Two ဇာတ်ကားသည် စတင်ရုံတင်ပြီး ၃၅ ရက်မြောက်နေ့တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၆၃၁ သန်းကျော်ထိ ရှိလာခြင်းဖြစ်သည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် Dune: Part Two ဇာတ်ကားကို ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

Dune(2021) သိပ္ပံဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည့် Dune: Part Two ကို ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနော့က တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား တင်မိုသီချားမက်၊ အော်စတင်ဘတ္တလာ၊ မင်းသမီး ဖလောရင့်ပက်နှင့် ဇန်ဒါးယားတို့ ပါဝင်သရုပ်ဆောင်ထားသည်။


ဒါရိုက်တာဗီလီနော့သည် Dune ဇာတ်ကား၏ အောင်မြင်မှုအတိုင်းအဆအရ တတိယမြောက် Dune ဇာတ်ကားအဖြစ် Dune: Messial ဇာတ်ကားကို ရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# DC စတူဒီယို၏ Supergirl ဇာတ်ကားကို ဒါရိုက်တာ ခရိတ်ဂျီလက်စပီ တာဝန်ယူရိုက်ကူးပေးဖွယ်ရှိ





နယူးယောက် မေ ၇

DC စတူဒီယို၏ Supergirl ဇာတ်ကားကို ဩစတြေးလျဒါရိုက်တာ ခရိတ်ဂျီလက်စပီက တာဝန်ယူရိုက်ကူးပေးဖွယ်ရှိကြောင်း မေ ၆ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ခရိတ်ဂျီလက်စပီက Supergirl ဇာတ်ကားကို ရိုက်ကူးရေးအတွက် DC စတူဒီယိုနှင့် ဆွေးနွေးနေသည်။

Supergirl ဇာတ်ကားတွင် အဓိကဇာတ်ကောင်ဖြစ်သည့် Kara Zor El အဖြစ် House of Dragon မင်းသမီး မီလီအယ်ကွတ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ဒါရိုက်တာ ခရိတ်ဂျီလက်စပီသည် Million Dollar Arm နှင့် I, Tonya ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

Supergirl ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နို့ဂ္ဂါရာက ရေးသားနေသည်။

Supergirl ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို DC စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# More than 30,000 travellers arrive at Ngwetaung beach in Hainggyikyun in March



Visitors seen visiting the Ngwetaung beach in Hainggyikyun.

**Ngaputaw April 7**

A total of 38,955 local travellers visited Ngwetaung beach near Myat Mawtinsun Pagoda in Hainggyikyun of Ngaputaw Township, Ayeyawady Region, in March, said Daw Ni Ni Mar, in-charge of Ngaputaw Tourism Association.

In February, a total of 36,555 travellers paid visit to the beach, compared with 38,955 in March.

"Ngwetaung beach is located near Myat Mawtinsun Pagoda. As March is a period of Pagoda Buddha Pujaniya festival, number of travellers surged. Some 40,000 travellers toured the beach in March. Most of them came from local areas as well as Yangon and Nay Pyi Taw. In coming Thingyan holidays, it is expected more travellers arrive there," said Daw Ni Ni Mar.

The largest number among travellers to Ngwetaung beach in March came from Yangon Region. Local authorities and officials are arranging smooth transport, systematic taking a rest, disciplinary measures and beautification in cooperation with residents.

Kyaw Kyaw Lin

# Israeli army says kills senior Hamas security official

**Gaza April 7**

Israeli military announced Saturday that a senior internal security official of Hamas was killed in its recent airstrikes on the Gaza Strip.

IDF spokesperson Avichay Adraee said on social media platform X that the Israel Defense Forces and Shin Bet security service killed the official who sought to carry out major operations in Gaza and planned attacks in Israeli territory.

He added that Akram Abdul Rahman Hussein Salama held several high-ranking positions in Hamas and affiliated internal apparatus and was killed Wednesday by fighter jets.

The man was sought after for planning and carrying out major attacks against the Israeli military and in Israeli territories, the statement added.

Israel has been launching a large-scale offensive against Hamas in the Gaza Strip to retaliate against a Hamas rampage through the southern Israeli border on Oct. 7, 2023, during which about 1,200 people were killed and more than 200 were taken hostage.

Xinhua

# Plan underway to grow 300,000 acres of marketable coffee across the nation

**Nay Pyi Taw April 7**

U Myint Swe, director of Coffee Crop Branch of Agriculture Department, said that a plan is underway to extend sown acreage of coffee to 300,000 acres within five years starting from 2023-24 financial year.

Arabica coffee will be placed on 200,000 acres of lands in four zones and Robusta coffee on some 100,000 acres of land in three zones.

"A plan is being drafted to grow some 300,000 acres of marketable coffee within five years. Arabica coffee will be planted on 200,000 acres of land in PyinOoLwin, Nawnghkio and Mogok as zone 1, Ywangan, Pindaya and Taungtaya as zone 2, Hopong, Heho, Pinlaung and Menai mountain range as zone 3 and Kengtung, Tachilek and eastern Shan State as zone 4. Robusta coffee will be placed on 100,000 acres of land in Taninthayi Region as zone 1, Ayeyawady Region as zone 2 and Kayin State as zone 3," he explained.



A thriving coffee plantation.

In this regard, Arabica coffee will take 75,000 acres of croplands in zone 1, 35,000 acres in zone 2, 37,000 acres in zone 3 and 53,000 acres in zone 4.

Meanwhile, Robusta coffee will be grown on 50,000 acres in zone 1, 25,000 acres in zone 2 and 25,000 acres in zone 3.

The Agriculture Department will take responsibilities for distribution of coffee saplings, agricultural techniques and agricultural machinery to local farmers.

ASH

# Nepal's Lumbini holds peace marathon to mark first peace festival

**Lumbini April 7**

A peace marathon was held on Saturday in Nepal's Lumbini, the birthplace of the Lord Buddha and a UNESCO world heritage site, to mark the first Lumbini international peace festival.

Hundreds of participants joined the "Run For World Peace" program, which included 42.195-km full marathon, 21-km half marathon, three-km walkathon and five-km run.

The first Lumbini international peace festival also featured an international meditation day, which was held on Friday and involved 100 monks, nuns and some 700 practitioners, and a peace concert that was given on Saturday evening for around 2,000 spectators.

Nepal's Deputy Prime Minister and Foreign Minister Narayan Kaji Shrestha and Chinese Ambassador to Nepal Chen Song participated in the program.

The Lumbini international peace festival was jointly organized by the Nepal Tourism Board, the Chinese Embassy in Nepal, the Lumbini Development Trust, Nepal Olympic Committee and Province Sports Council Nepal.

Xinhua




Runners participate in "Run For World Peace" program in Lumbini, Nepal, April 6, 2024.

# Mandalay Port sees increase in cargo shipments despite low tide

**Mandalay April 7**

Mandalay Port in Myanmar experienced a rise in cargo shipping activity in March, according to Daw Tin Tin Tun, deputy head of the Mandalay Region Department of Transport.

Daw Tin Tin Tun reported that 101 cargo ships transported goods like corn, sugar, cement, and other products from Mandalay Port to destinations including Yangon and Bhamo during March. This increase comes despite the current low-tide period on the Ayeyarwaddy River, which can affect navigation.

Mandalay Port authorities are working around the low-tide conditions. They have implemented restrictions on the amount of cargo vessels can carry to ensure safe passage. Additionally, navigation signs have been placed strategically on the water and the shore to guide ships during this time.

184

# Most of CNG filling stations to function across the nation during Thingyan festival



Vehicles seen filling at a CNG station.

**Nay Pyi Taw April 7**

Most of the CNG filling stations will be opened to sell CNG to vehicles on a daily basis during the Maha Thingyan festival, said U Kyaw Thura Win, General Manager of NGV Department of the Myanma Oil and Gas Enterprise under the Ministry of Energy.

In order to ensure smooth transport during the period, most of the CNG filling stations will be functioned daily across the nation. Especially, a plan is underway to extend number of CNG filling stations in Yangon Region more than previous years.

"There are 41 CNG filling stations in Yangon Region, two in Mandalay Region and three in Magway Region, totalling 46. Among them, Yangon Region will open 34 stations without holidays during Maha Thingya festival. In Mandalay Region, the station in Paleik will be open daily. Likewise, Magway Region arranges opening of one station each in Yenangyoung and Chauk. As number of vehicles rolling on the roads were less in previous year, arrangements have been made to increase this year's number of vehicles for smooth transport of people despite supply of electricity in a rotation," said U Kyaw Thura Win.

These stations will be open from 5 am to 7 pm daily during the festival period. The stations closed in the festival will be reopened on 18 April.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan to sell fertilizer at reduced price to summer paddy growers in 11 districts

**Mandalay April 7**

U Toe Min, Head of Mandalay Region Agriculture Department, said that the department will sell urea fertilizers at reduced price to local farmers for growing of summer paddy in 11 districts of Mandalay Region.

The department arranges to sell 6,220 bags of fertilizers for 29,653 acres of summer paddy in 11 districts.

"As fertilizers are produced by plants at home, farmers will get it at reduced price. It aims to boost production of paddy and oil crops at reduced prices. Primarily, the sale of fertilizer prioritizes cultivation of paddy. The fertilizer was also sold in monsoon. Bags of urea fertilizers have been distributed to relevant townships. Sale of fertilizers will start this month. The department purposes selling of fertilizers to farmers at fairer prices than the market prices," he clarified.

The sale of fertilizers will cover Kyaukse, NyaungU, TadaU, PyinOoLwin, Mahaaungmye, Meiktila, Myingyan, Yamethin, Thabeikkyin, Amarapura and Aungmyethazan districts.



A summer paddy plantation.

"It aims to give a helping hand to farmers. Prices of fertilizers are high in the market. So, some farmers cannot afford to buy fertilizers to be fed to their crops. Hence, we will sell fertilizers at reduced prices for boosting cultivation of crops," he continued.

185

# Cauliflowers in high trading at Mandalay market

**Mandalay April 7**

Cauliflowers produced from various areas flow into Thiri Marlar green groceries market in Aungmyethazan Township of Mandalay, with high trading, said U Aung Moe Naing, owner of Aung Brokerage in Mandalay.

At present, four to five truckloads of cauliflowers produced from various regions enter the green grocery market in Mandalay on a daily basis. Currently, cauliflower fetches K500-K700 per piece in Mandalay.

"Cauliflowers from plain areas enter Mandalay market. Meanwhile, cauliflower from Aungban region is on a downtrend but the vegetable is marketable. Other crops such as tomato, cabbage, potato, mustard, chickpea, long bean, bitter gourd, white mustard, carrot and onion are also in good trading," he explained.

Generally, cauliflower is planted in plain areas at present. Other regions do not produce cauliflower yet. At present, Thiri Marlar green grocery market is open from 4 am to 8 pm daily.

185

# Farmers finish harvesting of more than 11,000 acres of niger in Lashio Township

**Lashio April 7**

A total of 11,606 acres of niger has been harvested in Lashio Township of Shan State (North), according to Shan State (North) Agriculture Department.

Harvesting of niger started in the first week of February this year, and so far, local farmers have so far harvested 11,605 acres of niger against 11,756 acres in the township.

"In Lashio Township, local farmers cultivated groundnut, sunflower and canola including niger in winter. The Agriculture Department reclaimed model plots for niger to boost per-acre yield. Moreover, the department conducts training courses on agricultural techniques and prevention of seasonal pests," said Daw Nwe Nwe, staff officer of Shan State (North) Agriculture Department.

After harvesting, niger yields 10 baskets per acre in 11,605 acres of croplands, according to the statistics of the Agriculture Department.

Kyaw Zaw Oo



A niger plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားက Tetrahedron အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်သစ်ကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် စမ်းသပ်အသုံးပြု



ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် ခေတ်မီတိုက်ခိုက်ရေးဒရုန်းများအပြင် ရန်သူ့ဒရုန်းများကို တန်ပြန်ရန် ယခုအခါ Tetrahedron အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်ကိုပါ တီထွင်စမ်းသပ်အသုံးပြုခဲ့ကြောင်း Sputnik သတင်းဌာနက ဧပြီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သစ်သည် စစ်မြေပြင် စစ်ရေးစွမ်းဆောင်ရည်စမ်းသပ်မှုများကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။

Tetrahedron အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သည် ခေတ်မီ First-Person View (FPV) Kamikaze ဒရုန်းများကို တိုက်ဖျက်ရန် အထူးဒီဇိုင်းထုတ်ထားပြီး ယူကရိန်းအထူးစစ်ဆင်ရေးတွင် အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း Developer ကုမ္ပဏီ၏ ကိုယ်စားလှယ် Andrei Ivanov က Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။

Tetrahedron အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သည် ထုတ်လုပ်သူအမျိုးမျိုး၏ ခေတ်မီတိုက်ခိုက်ရေးဒရုန်းများကို ကာကွယ်နိုင်ရန် ရည်ရွယ်သည်။ ၎င်းသည် လှိုင်းထုတ်လွှင့်မှုနှင့် လှိုင်းလက်ခံနိုင်မှုများကြား Offset Frequencies လှိုင်းနှုန်းများ အသုံးပြုခြင်းအပါအဝင် ထိန်းကျောင်းရေးလမ်းကြောင်းများပေါ် ကျယ်ပြန့်စွာတားဆီးနိုင်မည်ဖြစ်သည်။ စနစ်သည် ရှုပ်ထွေးနက်နဲသောစမ်းသပ်မှုများကို ပြုလုပ်နိုင်ခဲ့ပြီး ထိရောက်စွာအသုံးပြုနိုင်မှုကို သက်သေပြနိုင်ခဲ့သည်။ စနစ်၏လုပ်ဆောင်ပုံ ရိုးရှင်းပြီး ယုံကြည်စိတ်ချရသော အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ် တစ်မျိုးဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

စနစ်ကို ဒီဇိုင်းရေးဆွဲခဲ့သူ အဆိုအရ အဆိုပါအီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်ကို စစ်ဘက်နှင့်အရပ်ဘက် နှစ်မျိုးစလုံးတွင် အသုံးပြုနိုင်ကြောင်း သိရသည်။ Tetrahedron စနစ်များသည် စစ်လက်နက်ပစ္စည်းများ၊ လူနာတင်ယာဉ်များ သို့မဟုတ် အများသူငါ သယ်ယူပို့ဆောင်ရေး ဗဟိုချက်မများကို လွှမ်းခြုံကာကွယ်ပေးနိုင်မည်ဖြစ်သည်။ လမ်းပိတ်ဆို့မှုများပြုလုပ်ရာတွင် သော်လည်းကောင်း၊ ဘတ်စကားမှတ်တိုင်များကဲ့သို့သော ပုံသေနေရာများကို ကာကွယ်ရာတွင် သော်လည်းကောင်း အသုံးပြုနိုင်ကြောင်း သိရသည်။

Tetrahedron စနစ်များကို Developer မျိုးစုံမှထုတ်လုပ်သည့် မတူညီသောလှိုင်းနှုန်းများဖြင့် လုပ်ဆောင်နေသော အရွယ်အစားအမျိုးမျိုး FPV-Drones အများအပြားကိုတန်ပြန်ရန် အောင်မြင်စွာ စမ်းသပ်လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ရုရှားအနေဖြင့် ယူကရိန်းအထူးစစ်ဆင်ရေးတွင် Tetrahedron စနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ခြင်းသည် စစ်မြေပြင်၌ အဆင့်မြင့်အီလက်ထရွန်နစ် စစ်ဆင်ရေးနည်းပညာကိုဖြန့်ကြက်အသုံးပြုရန် ရုရှားနိုင်ငံ၏ ကတိကဝတ်ကို မီးမောင်းထိုးပြလျက်ရှိသည်။

**Watch Russia's Tetrahedron Electronic Warfare System Being Tested in Special Op Zone ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်က ယူကရိန်းအတွက် Jamming ဒဏ်ခံနိုင်သောဒရုန်းများကို တီထွင်ထုတ်လုပ်

ဗြိတိန်နိုင်ငံ ကုမ္ပဏီတစ်ခုဖြစ်သော Evolve Dynamics ကုမ္ပဏီမှ အင်ဂျင်နီယာများသည် ရုရှားနိုင်ငံ၏ အီလက်ထရွန်နစ်စစ်ဆင်ရေးနှောင့်ယှက် ဖျက်ဆီးနိုင်စွမ်း Jamming ပြုလုပ်မှုများဒဏ်ခံနိုင်သော ဒရုန်းများကို တီထွင်ထုတ်လုပ်ခဲ့ပြီး ယူကရိန်းလက်ရှိသုံးနေသော ကင်းထောက်ဒရုန်းများအားလုံးကို Jamming ဒဏ်ခံနိုင်သော ဒရုန်းဖြစ်စေရန် နည်းပညာဆိုင်ရာ တီထွင်မှုများကို နည်းလမ်းရှာကြံဆလျက်ရှိကြောင်း Army Recognition သတင်းဌာနက ဧပြီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုတီထွင်ထုတ်လုပ်မှုသည် ယူကရိန်း၏ ဒရုန်းပရိုဂရမ်ကိုပံ့ပိုးကူညီရန် နိုင်ငံတကာကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး နည်းပညာပိုင်းအရ ပိုမို အင်အားကြီးမားကာ အဆင့်မြင့်ကမ္ဘာ့စစ်ရေးထိပ်တန်းနိုင်ငံတစ်နိုင်ငံကို အန်တုရန်ကြိုးပမ်းနေချိန်တွင် ယခုလိုသတင်းထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

ရေဒီယိုဆက်သွယ်ရေးအတွက် အစားထိုး အယ်လဂိုရီသမ်များကို တီထွင်ခြင်းဖြင့် Evolve Dynamics ကုမ္ပဏီသည် ထောက်လှမ်းရေးဒရုန်း၏ အချက်ပြလှိုင်းထုတ်လွှင့်မှုများကို တားဆီး၊ နှောင့်ယှက်၊ ပိတ်ဆို့ရန် ရုရှားနိုင်ငံ၏ ကြိုးပမ်းမှုများအပေါ် တန်ပြန်စိန်ခေါ်နိုင်ရေးအတွက် ရည်မှန်းထားကြောင်း သိရသည်။

ဗြိတိန်၊ ဆွီဒင်၊ နယ်သာလန်၊ နော်ဝေတို့အပါအဝင် အခြားသောမဟာမိတ်နိုင်ငံများကလည်း ယူကရိန်းသို့ တိုက်ခိုက်ရေးဒရုန်းများကို ပံ့ပိုးပေးခဲ့သည်။ ထို့ပြင် ယူကရိန်းနိုင်ငံသည် ပဋိပက္ခ၏ တတိယနှစ်အတွင်းသို့ ဝင်ရောက်လာသည်နှင့်အမျှ နိုင်ငံရှိ အမျိုးသားစက်မှုလုပ်ငန်းကို တီထွင်ဆန်းသစ်မှုများဖြင့် အားကောင်းမောင်းသန်ရပ်တည်လာနိုင်စေရန် ပုဂ္ဂလိကနှင့် စစ်ဘက်ပူးတွဲလုပ်ဆောင်ရေးမူကို တွန်းအားပေး ဆောင်ရွက်လာခဲ့သည်။

ယခု ယူကရိန်းအတွက် Evolve Dynamics ကုမ္ပဏီက ပံ့ပိုးပေးထားသည့် အစိတ်အပိုင်းများနှင့် ဆော့ဖ်ဝဲအပ်ဒိတ်များကို ယူကရိန်းစစ်ဘက်အနေဖြင့် တိုက်ရိုက်လက်ခံရရှိကာ လိုအပ်သော ပြုပြင်မွမ်းမံမှုများကို ကိုယ်တိုင်ပြုလုပ်နိုင်စေမည်ဖြစ်သည်။

နည်းပညာ ဆန်းသစ်တီထွင်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်ဆောင်ရွက်လျက်ရှိသော ကာကွယ်ရေးကုမ္ပဏီများနှင့်မြေပြင်ရှိ စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များကြား တိုက်ရိုက် ပူးပေါင်းဆောင်ရွက်ခြင်းသည် စစ်ပွဲ၏ ဘုံအသွင်အပြင်တစ်ခုဖြစ်လာနိုင်သည်။ ဤလမ်းကြောင်းသည် ဝယ်ယူရေးမှသည် လေ့ကျင့်ရေးထိ အရာအားလုံးအတွက် သက်ရောက်မှုရှိနိုင်သည်။ ဗြိတိန်အခြေစိုက်ကာကွယ်ရေးအကြံပေး ပညာရှင်အဖွဲ့တစ်ခုဖြစ်သည့် Royal United Services Institute(RUSI)မှခြေလျင်စစ်ပွဲဆိုင်ရာသုတေသီ Nick Reynolds က စစ်မြေပြင် လေ့လာသင်ယူရေးအချိန်ကာလအနေဖြင့် သီတင်းပတ် ခြောက်ပတ်မျှထိ အတိုချုပ် လုပ်ဆောင်နိုင်ကြောင်း အကြံပြုထားသည်။

ပြီးခဲ့သောလတွင် ယူကရိန်းတပ်မတော်မှ တပ်ဖွဲ့တစ်ဖွဲ့သည် Evolve Dynamics ကုမ္ပဏီကို ဒရုန်းမောင်းသည့် ဒရုန်းယာဉ်မှူးများ ဘေးကင်းရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ပြုပြင်မွမ်းမံမှုများပြုလုပ်ပေးပါရန် တောင်းဆိုခဲ့သည်။ ယူကရိန်း



နိုင်ငံ အလံများနှင့်စစ်သားများ၏ကျေးဇူးတင် စာတန်းများ ချိတ်ဆွဲလွှင့်ထူထားသော ဗြိတိန်နိုင်ငံရှိနေရာတစ်ခုတွင် လုပ်ငန်းခွင်ဝင်နေသောကုမ္ပဏီ၏အဖွဲ့သည် ဒရုန်းတစ်စင်း၏ ရေဒီယိုလှိုင်းဆက်သွယ်မှုအပိုင်းကို ၎င်း၏ထိန်းချုပ်မှုမှ မည်သို့ခွဲထုတ်ရမည်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ဒရုန်းတပ်ဖွဲ့အနေဖြင့် အဆိုပါပြောင်းလဲမှုကို ၂၄ နာရီအတွင်း လုပ်ဆောင်နိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

ယူကရိန်းတွင် လက်ရှိအသုံးပြုနေသည့် Evolve Dynamics ကုမ္ပဏီထုတ် Sky Mantis ထောက်လှမ်းရေးဒရုန်းအစင်း ၁၀၀ ခန့်ဖြင့် ယူကရိန်းနိုင်ငံအတွက် ဗြိတိန်ဒရုန်းရောင်းချသူ ထိပ်တန်းကုမ္ပဏီ ၁၀ ခုတွင် ရပ်တည်လျက်ရှိသည်။

ဗြိတိန်သည် ယခုနှစ်အတွင်း ယူကရိန်းသို့ ဒရုန်းအစင်း ၁၀၀၀၀ ပေးပို့ရန် ပေါင် ၃၂၅ သန်း (အမေရိကန်ဒေါ်လာ ၄၁၆ သန်း) သုံးစွဲမည်ဟု ကတိပြုထားသောကြောင့် Evolve Dynamics ကုမ္ပဏီသည် အဆိုပါသတ်မှတ်ထားသော ဒရုန်းအရေအတွက်ထဲမှ ကြီးမားသောဝေစုကို ရရှိရန် မျှော်လင့်ထားသည်။ Evolve Dynamics ကုမ္ပဏီသည် ဗြိတိန်တော်ဝင်ရေတပ်၊ ရဲတပ်ဖွဲ့ဝင်များနှင့်ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လေစွမ်းအင်ကဏ္ဍများတွင် ကမ္ဘာလုံးဆိုင်ရာကုမ္ပဏီများထံ စက်ပစ္စည်းကိရိယာများ ထောက်ပံ့ရောင်းချပေးလျက်ရှိသည်။

Sky Mantis ဒရုန်းသည် Jamming ဒဏ် ခံနိုင်ရည်ရှိသော ဒရုန်းဖြစ်သည်။ ဘက်ထရီဖြင့် လေထဲတွင် တစ်နာရီပျံသန်းနိုင်သည်။ ပြင်းထန်သော ရာသီဥတုအခြေအနေများကြားတွင် လုပ်ဆောင်နိုင်သည်။ လေတိုက်နှုန်း 40kts/ 45mph ထိ ပျံသန်းနိုင်သည်။ 61 MP (9504 x 6336 px) 30X zoom HD ကင်မရာတစ်လုံး တပ်ဆင်ပေးထားသည်။ Payload တင်ဆောင်နိုင်မှုမှာ နှစ်ကီလိုဂရမ်ဖြစ်သည်။ တစ်မိနစ်အတွင်း တိုက်ပွဲဝင်ဖြန့်ကြက်နိုင်သည်။ ဒရုန်းထည့်သွင်းသယ်ဆောင်နိုင်သည့် သေတ္တာအရွယ်အစားမှာ အလျား၊ အနံ၊ အမြင့် (14 x 14 x 10 inches)၊ အလေးချိန် ၅ ကီလိုဂရမ် (၁၁ ပေါင်)သာရှိသဖြင့် ကျောပိုးအိတ်ဖြင့် အလွယ်တကူ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**British company Evolve Dynamics develops jamming-resistant Drones for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများက ပိတ်ရက်မရှိ အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးသွားမည်



**ရန်ကုန် ဧပြီ ၇**

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများက ပိတ်ရက်မရှိ အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောပြ၍ သိရသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဧပြီ ၁၄ရက်မှ စတင်ကာ ဧပြီ ၁၇ ရက်ထိ ရန်ကုန်တိုင်းဒေသကြီးရှိ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ဒဂုံဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းတို့ရှိ အဝေးပြေးယာဉ်လိုင်းများက အဝေးပြေးယာဉ်များ အလှည့်ကျစနစ်ဖြင့် ပိတ်ရက်မရှိ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းမှာ အဝေးပြေးယာဉ်လိုင်း ၂၂၄ လိုင်းရှိတဲ့အနက် သင်္ကြန်ပွဲတော်ပိတ်ရက်အတွင်း ဧပြီ ၁၄ ရက်ကနေ ဧပြီ ၁၇ ရက်ထိ ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးကနေ အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးကို ယာဉ်လိုင်းပေါင်း ၂၁၄ လိုင်းက နေ့စဉ် အလှည့်ကျ ပြေးဆွဲပေးမှာဖြစ်ပါတယ်။ မဟာသင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ ပြေးဆွဲမဲ့ယာဉ်လိုင်းကတော့ စုစုပေါင်းငါးလိုင်းရှိပါတယ်။ အလားတူ ဒဂုံဧရာအဝေးပြေး ယာဉ်ရပ်နားစခန်းမှာရှိတဲ့ ယာဉ်လိုင်းပေါင်း ၁၁၀ ထဲက ဧပြီ ၁၃ ရက်မှာ ၉၉ လိုင်း၊ ဧပြီ ၁၇ ရက်မှာ ၉၈ လိုင်း ပြေးဆွဲပေးမှာဖြစ်ပြီး ပိတ်ရက်မရှိ ပြေးဆွဲမဲ့ယာဉ်လိုင်းကတော့ ခြောက်လိုင်းရှိပါတယ်"ဟု တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောပြသည်။

အဝေးပြေးယာဉ်လိုင်းများအနေဖြင့် သင်္ကြန်ကာလအတွင်း ယာဉ်စီးခ ပုံမှန်အတိုင်း မကောက်ခံဘဲ ပိုမိုကောက်ခံခြင်း၊ အဝေးပြေးယာဉ်မောင်းများ အရက်သေစာသောက်စားခြင်း၊ ခရီးသည်များကို မချေမငံဆက်ဆံခြင်း၊ ကြမ်းတမ်းစွာမောင်းနှင်ခြင်းများရှိပါက ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကော်မတီ (YRTC) က အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ရေနံချောင်းမြို့နယ် ဘူးကျွန်း(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှု စစ်ဆေး

**ရေနံချောင်း ဧပြီ ၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘူးကျွန်းကျေးရွာအုပ်စု ဘူးကျွန်း (တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများကို ဧပြီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများက ဘူးကျွန်း(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းစာရင်းဇယားများဖြည့်သွင်းထားရှိမှု ရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ဘူးကျွန်း(တောင်)ကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၇၃ သန်း ထုတ်ချေးပေးထားကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှ သိရသည်။

**နေဘုန်းလူး**

# လားရှိုးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲပုပ် ဧက ၄၁၈၀ ရိတ်သိမ်းပြီးစီး

**လားရှိုး ဧပြီ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲပုပ် ဧက ၄၁၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လားရှိုးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ဧက ၄၁၈၀ စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးခဲ့သော ပဲပုပ်စိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ပဲပုပ်ဧက အားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပဲပုပ်တစ်ဧကလျှင် ၂၃ တင်း ထွက်ရှိကြောင်း သိရသည်။

"လားရှိုးမြို့နယ်မှာ ပဲပုပ်ကို ဒေသထွက်ကုန်ပစ္စည်းအနေနဲ့ကော ရိုးရာအစားအစာအနေနဲ့ပါ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ပဲပုပ်အထွက်နှုန်းတိုးတက်ကောင်းမွန်စေဖို့အတွက် ပဲပုပ်စံပြစိုက်ကွက်တွေကို ဖော်ဆောင်စိုက်ပျိုးပေးခဲ့ပါတယ်။ စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေ၊ ရာသီအလိုက်ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ်ကာကွယ်ရေးသင်တန်းတွေကိုလဲ သက်ဆိုင်ရာ မြို့နယ်အလိုက် ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။ ပဲပုပ်ရိတ်သိမ်းနေတဲ့ တောင်သူတွေအတွက်လဲ လိုအပ်တဲ့ပစ္စည်းတွေ အချိန်မီရရှိစေဖို့ သက်ဆိုင်ရာ စက်မှုလယ်ယာဦးစီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီးဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၇-၄-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **ဆားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၅၅ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရှမ်းပြည်နယ် တာချီလိတ်ခရိုင်နှင့် မြို့နယ်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် တာချီလိတ်ခရိုင် အားကစားခန်းမနှင့် ကြက်တောင်အားကစားခန်းမတို့ကိုလည်းကောင်း၊ မြို့မအားကစားကွင်းနှင့် အားကစားကွင်းအတွင်းရှိ ပိုက်ကျော်ခြင်း၊ ဘော်လီဘောအားကစားရုံ၊ လက်ဝှေ့ရုံရှိ (GYM) လေ့ကျင့်ရေးခန်းမနှင့် အလေးမအားကစားရုံတို့ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်ရှိ ဘီလီယက်နှင့် စနူကာအားကစားခန်းမတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း၊ အားကစားရုံများ ရေရှည်တည်တံ့စေရေးနှင့် စိမ်းလန်းစိုပြည်မှုရှိစေရေးတို့အတွက် ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ အားကစားနည်းအလိုက် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည့် နည်းပြနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နွေရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်နှင့် နယ်မြေဒေသအခြေအနေများအရ လုံခြုံရေးအထူးဂရုစိုက်ကြရန်လိုကြောင်း၊ အသိပညာဗဟုသုတများ တိုးပွားစေရန် စာအုပ်စာပေများ လေ့လာဖတ်ရှုပြီး ပညာဝမ်းစာပြည့်အောင် အစဉ်အမြဲကြိုးစားသွားကြရန်လိုကြောင်း၊ မိမိတို့ကို ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်သွားရန်၊ နည်းပြများအနေဖြင့်လည်း မိမိတို့၏အရည်အသွေးများ တိုးတက်စေရန်နှင့် ပြောင်းလဲလာသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိအောင် အမြဲမပြတ်လေ့လာမှတ်သားပြီး မိမိကဲ့သို့ ထူးချွန်သည့်အားကစားသမားကောင်းများကို မွေးထုတ်ပေးနိုင်သည့် နည်းပြကောင်းများဖြစ်အောင် ကြိုးစားသွားရန် မှာကြားပြီး အားကစားလေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ ပဉ္စမနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၃၁၄၁၅ ပါး/ဦးအနက် ၂၅၆၈၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၇၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၀

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၁၇၊ ၀၅၉- ၂၀၂၄၀၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ခြင်းလုပ်ငန်းစဉ်များအကြောင်းသိကောင်းစရာ

**မင်းခန့်ကျော်(ဥပဒေ)**

ပုံစံ(၁)

တံဆိပ်

ရက်စွဲ၊

——ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူများစာရင်း

——ရပ်ကွက်/ကျေးရွာအုပ်စု——မြို့နယ်——ခရိုင်——နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်

| စဉ် | အမည် | အဘအမည် | မွေးသက္ကရာဇ် (ရက်-လ-ခုနှစ်) | အသက် | ကျား/မ | လူမျိုး/ ကိုးကွယ်သည့် ဘာသာ | နိုင်/ဧည့်/(ပြု) ကတ်အမှတ် | ပညာ အရည်အချင်း | အလုပ်အကိုင် | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | | | |

ပုံစံ(၂)

စစ်မှုထမ်းရန်အရွယ်ရောက်သူအဖြစ်မှတ်ပုံတင်စာရင်းသွင်းရန်ဆင့်ခေါ်စာ

မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့

——မြို့နယ်

ရက်စွဲ၊

သို့

အမည်၊

အဘအမည်၊

နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊

နေရပ်၊

အကြောင်းအရာ။ **စစ်မှုထမ်းရန်အသက်အရွယ်ရောက်သူအဖြစ်မှတ်ပုံတင်စာရင်းသွင်းရန် ဆင့်ခေါ်ခြင်း**

၁။ ——ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက ပေးပို့သည့်စာရင်းအရ အမည်—— ——အဘအမည်——နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ် —— နေရပ်——သည် ပြည်သူ့စစ်မှုထမ်း ဥပဒေအရ ...

အတွင်းရေး

ပုံစံ (၃-က)

အတွင်းရေး

အတွင်းရေး

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ မြန်မာနိုင်ငံမှာ ၁၉၅၉ ခုနှစ်ကတည်းကတည်ရှိခဲ့တာပါ။ ၂၀၁၀ ပြည့်နှစ်မှာတော့ ပြည်သူ့စစ်မှုထမ်းဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပေမယ့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှသာ ဥပဒေအသက်ဝင်လာတာဖြစ်ပါတယ်။ နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ရှိတဲ့အတွက် ဒီတာဝန်ကို ထမ်းဆောင်နိုင်ရေး စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ဖို့ ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းကို ပြည်သူတွေသိရှိနိုင်ဖို့အတွက် ရုပ်မြင်သံကြားနဲ့သတင်းစာတွေမှာ ရှင်းလင်းဖော်ပြတာတွေ၊ ဆွေးနွေးပွဲပြုလုပ်တာတွေ၊ လက်ကမ်းစာစောင်ဖြန့်ဝေတာတွေ၊ ဆက်သွယ်ရေးအော်ပရေတာတွေကနေ SMS ပို့ပြီး ရှင်းလင်းဖော်ပြတာတွေ လုပ်ဆောင်ခဲ့ပေမယ့်လည်း ပြည်သူတွေကြားမှာ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်လို့ သို့လောသို့လောနဲ့ ရှင်းရှင်းလင်းလင်း မသိရှိကြသေးတာကိုလည်း တွေ့နေရပါတယ်။ ဒါ့ကြောင့်မို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်တဲ့ လုပ်ငန်းစဉ်တွေအကြောင်း သိကောင်းစရာတွေကို ရေးသားဖော်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်တဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နည်းဥပဒေမထုတ်ပြန်မီမှာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းတွေကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ အညီရေးဆွဲထားတဲ့ ဒီလုပ်ထုံးလုပ်နည်းတွေထဲမှာပါတဲ့ သတ်မှတ်ချက်တွေအရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွေကို ရှင်းလင်းဖော်ပြသွားမှာဖြစ်ပါတယ်။

ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့တွေအနေနဲ့ မိမိရပ်ကွက်၊ ကျေးရွာအုပ်စုမှာ နေထိုင်တဲ့နိုင်ငံသားတွေအနက် စစ်မှုထမ်းရမယ့် အသက်အရွယ်ရောက်သူများရဲ့စာရင်းကို ကောက်ယူပြုစုပြီး ဗဟိုအဖွဲ့ကသတ်မှတ်ပေးတဲ့နေ့မှာ ပုံစံ(၁)နဲ့မြို့နယ်အဖွဲ့ကို ပေးပို့ရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့တွေက ပေးပို့လာတဲ့ ပုံစံ(၁)မှာပါဝင်သူတွေကို မှတ်ပုံတင်စာရင်းသွင်းဖို့အတွက် ပုံစံ(၂)နဲ့ ဆင့်ခေါ်မှာဖြစ်ပါတယ်။


ဆင့်ခေါ်ခြင်းခံရသူက ကိုယ်တိုင်လာရောက်တယ်ဆိုရင် ပုံစံ(၃-က)ကို ဖြည့်စွက်ခိုင်းပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေရမှာဖြစ်ပါတယ်။


ဆင့်ခေါ်ခြင်းခံရသူက ကိုယ်တိုင်မလာရောက်နိုင်လို့ ကိုယ်စားလာရောက်သူကို ပုံစံ(၃-ခ)ကိုဖြည့်စွက်ခိုင်းပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ ပုံစံ(၃-က)၊ ပုံစံ(၃-ခ)ဖြည့်စွက်ပြီးသူတွေကို ပုံစံ(၄)မှာ မှတ်ပုံတင်စာရင်းရေးသွင်းရမှာဖြစ်ပါတယ်။ ပုံစံ(၄)မှာ အောက်ကဏ္ဍရပ်တွေအလိုက် ပုံစံ(၄-က)၊ (၄-ခ)၊ (၄-ဂ)၊ (၄-ဃ)ဆိုပြီး လေးမျိုးခွဲခြားထားပါတယ်-

(က) ပြည်သူ့စစ်မှုထမ်းဖို့ မိမိဆန္ဒအလျောက် ဆန္ဒပြုသူတွေ၊ ပုံစံ (၄-က)

**စာမျက်နှာ ၂၀ သို့**











**စာမျက်နှာ ၁၉ မှအဆက်**

(ခ) ကင်းလွတ်ခွင့်ရရှိသူအမျိုးအစားနဲ့ ယာယီရွှေ့ဆိုင်းခွင့် လျှောက်ထားနိုင်သူအမျိုးအစားတို့တွင် အကျုံးမဝင်သူတွေ၊ ပုံစံ(၄-ခ)

(ဂ) ယာယီရွှေ့ဆိုင်းခွင့်လျှောက်ထားနိုင်သူအမျိုးအစားတွင် အကျုံးဝင်သူတွေ၊ ပုံစံ(၄-ဂ)

(ဃ) ကင်းလွတ်ခွင့်ရရှိသူအမျိုးအစားတွင် အကျုံးဝင်သူများ။ ပုံစံ(၄-ဃ)

မြို့နယ်အဖွဲ့အနေနဲ့ ပုံစံ(၄)တွေမှာ မှတ်ပုံတင်စာရင်းသွင်းပြီးသူတွေကို ပုံစံ(၅)နဲ့ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ ပုံစံ(၄)တွေမှာ ပါတဲ့စာရင်းကို သက်ဆိုင်ရာ နေပြည်တော်အဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့တွေကတစ်ဆင့် ဗဟိုအဖွဲ့ကို ပေးပို့ရမှာဖြစ်ပါတယ်။

ဗဟိုအဖွဲ့အနေနဲ့ မြို့နယ်အဖွဲ့က ပေးပို့လာတဲ့စာရင်းတွေကို စိစစ်ပြီး ဆေးစစ်ဆေးဖို့ ဆင့်ခေါ်ရမယ့်သူအရေအတွက်ကို သတ်မှတ်ပေးကာ မြို့နယ်အဖွဲ့ကို အဆင့်ဆင့်ပေးပို့ရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ ဗဟိုအဖွဲ့က သတ်မှတ်ပေးတဲ့လူအရေအတွက်ကို ဆေးစစ်ဖို့အတွက် ပုံစံ(၆)နဲ့ ဆင့်ခေါ်ရမှာဖြစ်ပါတယ်။

ဆေးစစ်ဖို့ဆင့်ခေါ်ခြင်းခံရသူတွေကို တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့နဲ့ ဆေးစစ်ဆေးမှာဖြစ်ပါတယ်။

ဆေးစစ်ဆေးမှုခံယူပြီးတဲ့သူတွေအနေနဲ့ ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ရဲ့အတည်ပြုချက်ရတဲ့နေ့ကစလို့ ခုနစ်ရက်အတွင်း ကင်းလွတ်ခွင့်၊ ကာလအပိုင်းအခြားလျှော့ပေါ့ခွင့်၊ ကာလအပိုင်းအခြားတစ်ခုအထိ ရွှေ့ဆိုင်းခွင့်တို့ကို လျှောက်ထားရမှာဖြစ်ပါတယ်။ ကင်းလွတ်ခွင့်လျှောက်ထားမယ်ဆိုရင်တော့ ပုံစံ(၇-က)နဲ့လျှောက်ထားရမှာဖြစ်ပါတယ်။ **ဥပဒေအရကင်းလွတ်ခွင့်ရသူတွေ**ကတော့-

- သာသနာ့ဝန်ထမ်းတွေ၊
- အိမ်ထောင်သည်အမျိုးသမီးတွေ၊ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးလည်း ပါဝင်ပါတယ်)
- ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူတွေ၊
- တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူတွေနဲ့
- ပြည်သူ့စစ်မှုထမ်းဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်ပြီး ကင်းလွတ်ခွင့်ပြုထားသူတွေပဲဖြစ်ပါတယ်။

အဲ့ဒီအထဲမှာ ဗဟိုအဖွဲ့က **အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ထပ်မံကင်းလွတ်ခွင့်ပြုထားသူတွေ**ကတော့-

**စာမျက်နှာ ၂၁ သို့**

# နမ့်စန်မြို့နယ် နားရိုင်းရွာသစ် ခါနန်(ကောင်းခမ်း)ကျေးရွာရှိ ဒေသခံတိုင်းရင်းသား ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစဉ်။

**နေပြည်တော် ဧပြီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ် ခါနန်(ကောင်းခမ်း) ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူ များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသ ရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသ ရေးအဖွဲ့က သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ ဒေသခံတိုင်းရင်း သားပြည်သူ ၁၈၄ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသ နိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန် ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး သည်။ ထို့ပြင် တိုင်းမှူးနှင့်တာဝန်ရှိသူများက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား ဖူးမြော် ကြည်ညိုကာ ဓမ္မာရုံ ဆောက်လုပ်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၅၂၅၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ် ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေ ရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်း တွက်ချက်၍ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက် နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၈ ရက်မှ ဧပြီ ၁၂ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင်ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ဈေးကစားရန် ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပေါက်မြို့နယ် ဒေါင်းသာကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့များက ဒရုန်းဖြင့်ပုံးကြဲခြင်းကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဒေါင်းသာကျေးရွာမှ ဒေသခံပြည်သူများ ကြက်သွန်သိမ်းနေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင် များက ဒရုန်းဖြင့်ပုံးကြဲခဲ့ခြင်းကြောင့် ပြည်သူကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ် ဧပြီ ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင် အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်း မှားများ လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများက ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံသည့် သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူ များ ထင်ယောင်ထင်မှား ဖြစ်လာပြီး ကြောက်ရွံ့ထိတ်လန့်လာစေရန်၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှား စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများ တွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေ လျက်ရှိပါသည်။ ယခုဖြစ်စဉ်သည်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဒေါင်းသာကျေးရွာအနီးတွင် နယ်မြေ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များကို ပြည်သူများအထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် စွပ်စွဲရေးသား ထားခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန် ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိ ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူ များ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နယ်မြေ လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တို့ကိုလည်း ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူ များက ယခုကဲ့သို့ သတင်းတု၊ သတင်းမှား များဖြင့် လုပ်ကြံရေးသားနေခြင်းသာဖြစ် ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။**

**၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

**၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

**☆ ကျောဖုံးမှအဆက်**

ကမ္ဘာ့ချန်ပီယံခါးပတ် ဆွတ်ခူးခဲ့သည်။

နီကိုလ်ဆန်သည် ဖယ်သာဝိတ်တန်း လောကတွင် ပြိုင်ဘက်ကင်း ချန်ပီယံဖြစ် လိုသည့်အတွက်WBA၊IBF၊WBO၊IBO အမျိုးသမီးဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ပွာတိုရီကိုလက်ဝှေ့မယ်ဆာရန်နီနှင့်ထိုးသတ် သွားရန်စိန်ခေါ်မှု ပြုလုပ်သွားမည်ဖြစ်ပြီး ထိုးသတ်ရန်အမြန်ဆုံး ပွဲစီစဉ်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နီကိုလ်ဆန်က "ဆာရန်နီအနေနဲ့ ကျွန်မရဲ့စိန်ခေါ်မှုကို လက်ခံဖို့အဆင်သင့် ဖြစ်နေမယ်ဆိုရင် ကျွန်မအနေနဲ့ စိန်ခေါ်ပွဲ ထိုးသတ်သွားဖို့ အဆင်သင့်ပါဘဲ။ ကျွန်မ အနေနဲ့ ဆာရန်နီကို ထိုးသတ်ချင်တာ ပုဂ္ဂိုလ်ရေးခံစားချက်ကြောင့် မဟုတ်ပါဘူး။ ဆာရန်နီနေရာမှာ တခြားတစ်ယောက်က ချန်ပီယံခါးပတ်တွေကို ထိန်းသိမ်းမယ်ဆိုရင် လည်း ကျွန်မအနေနဲ့ ချန်ပီယံခါးပတ်တွေ ကို ထိန်းသိမ်းထားတဲ့ လက်ရှိချန်ပီယံကို စိန်ခေါ်သွားမှာဖြစ်ပါတယ်။ ဆာရန်နီနဲ့ ထိုးသတ်ချင်တဲ့ အဓိကအကြောင်းရင်းက လည်း ကမ္ဘာ့ချန်ပီယံခါးပတ်တွေကြောင့် ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူ လူထုကို အကြောက်တရားများ ဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြား စေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန် ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ် လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင် ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော် လည်း ဧပြီ ၆ ရက်တွင် အသိပေးထုတ်ပြန် ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ် ဆောင်ခဲ့သည့် "Khin La Min" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် တပ်ကုန်းမြို့နယ် ဘုရင့်နောင် ရပ်ကွက်နေ မခင်လမင်း(ခ)ငွေလမင်းအား နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် တပ်ကုန်း မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ခြင်းဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့ ၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်း တို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူ များသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

# ဂရိနိုင်ငံ ခရိုက်ကျွန်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများဘေးလွတ်ရာ ရွှေ့ပြောင်းရန် ထုတ်ပြန်



**အေသင် ဧပြီ ၇**

ဂရိနိုင်ငံ ခရိုက်ကျွန်းတွင် ဧပြီ ၆ ရက်က တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ကျွန်းပေါ်ရှိလူနေရပ်ကွက်လေးခု၌ နေထိုင်သူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ကြရန် အာဏာပိုင်များက အမိန့်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂရိနိုင်ငံ ခရိုက်ကျွန်းပေါ်ရှိ ပင်လယ်ကမ်းစပ် မြို့တစ်မြို့ဖြစ်သော အီရာပီထရာမြို့ အရှေ့ဘက်တောင်တန်းရှိ တောင်စောင်းတစ်လျှောက်တွင် ဧပြီ ၆ ရက်က တောမီးလောင်ကျွမ်းမှုစတင်ဖြစ်ပွားခဲ့ရာ ယခုအခါ ထိန်းချုပ်ရခက်ခဲသော အခြေအနေသို့ရောက်ရှိနေပြီး အဆိုပါကျွန်းပေါ်ရှိ လူနေရပ်ကွက်လေးခုတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် သက်ဆိုင်ရာအာဏာပိုင်များက အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၃၀၀ ခန့် နေထိုင်လျက်ရှိသော အက်လီယာ၊ ဂယ်လီနီ၊ အေဂျီယာဖိုတီယာနှင့် မက်ရော့ကို လင်ပေါ့ရပ်ကွက်တို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန်နှင့် တောမီးငြိမ်းသတ်ရေးလုပ်ငန်းများကို ရဟတ်ယာဉ်နှစ်စင်း၊ မီးသတ်သမားဦးရေ ၁၂၀ ခန့်ဖြင့် မီးငြိမ်းသတ်ရေး ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်။

နွေရာသီကာလများတွင် ဂရိနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုအဖြစ်များသော်လည်း ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်၍ အလွန်ပူပြင်းခြောက်သွေ့သော အခြေအနေများဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် မကြာသေးမီနှစ်များမှစတင်၍ တောမီးလောင်ကျွမ်းမှုပိုမိုဆိုးရွားလာကြောင်း အစိုးရ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Ref : Russia Today**
**Trs : AZH**

# ကနေဒါနိုင်ငံ၌ ရုပ်ကြွင်းလောင်စာများတွင် ဘဏ်၏ရင်းနှီးမြှုပ်နှံခြင်းကို ရပ်တန့်ရန် တက်ကြွလှုပ်ရှားသူများ ဆန္ဒထုတ်ဖော်

**အော့တာဝါ ဧပြီ ၇**

ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့လယ်ရှိ Royal Bank of Canada ဘဏ်ရှေ့၌ ရုပ်ကြွင်းလောင်စာများတွင် ဘဏ်၏ရင်းနှီးမြှုပ်နှံခြင်းကိုရပ်တန့်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများက ဧပြီ ၆ ရက်က ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

လာမည့် သီတင်းပတ်တွင် ကျင်းပပြုလုပ်မည့် ဘဏ်၏ဘဏ္ဍာရေးဆိုင်ရာ အထွေထွေအစည်းအဝေးမတိုင်မီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများက တာဝန်ရှိသူများအပေါ် ဖိအားပေးနိုင်ရေးအတွက် ကနေဒါနိုင်ငံတစ်ဝန်း၌ ရက်ပေါင်းများစွာ ဆန္ဒထုတ်ဖော်လှုပ်ရှားမှုများပြုလုပ်လျက်ရှိပြီး ရုပ်ကြွင်းလောင်စာများတွင် ရင်းနှီးမြှုပ်နှံခြင်း မပြုလုပ်ရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။

"ဘဏ်ဆိုတာ လူတွေအတွက် ငွေတွေကို စုဆောင်းဖို့အတွက်သာဖြစ်သင့်ပြီး ရုပ်ကြွင်းလောင်စာနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေတာတွေကို ရပ်တန့်သင့်ပါတယ်။ ဒီလိုဆောင်ရွက်တာက ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ဖို့ တစ်ခုတည်းသောနည်းလမ်းဖြစ်ပါတယ်"ဟု ဆန္ဒထုတ်ဖော်သူများထဲမှ ဦးဆောင်သူတစ်ဦးဖြစ်သူ ရာဂျန်ဒရာကာပီလာဘက်စ်ဒီရှိက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဘဏ်လုပ်ငန်းဆိုင်ရာ အစီရင်ခံစာအရ အဆိုပါဘဏ်သည် ၂၀၂၂ ခုနှစ်အတွင်း ရုပ်ကြွင်းလောင်စာထုတ်လုပ်မှုလုပ်ငန်းများတွင် ကမ္ဘာ့အကြီးဆုံးငွေကြေးရင်းနှီးမြှုပ်နှံထားကြောင်း တွေ့ရှိခဲ့ရပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာရုပ်ကြွင်းလောင်စာနှင့်ပတ်သက်၍ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ ပံ့ပိုးမှုတွင် ကမ္ဘာပေါ်၌ ပဉ္စမအဆင့်တွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

ရုပ်ကြွင်းလောင်စာနှင့်ပတ်သက်သည့် ၂၀၁၆ ခုနှစ် ပဲရစ်သဘောတူချက် စတင်အသက်ဝင်ချိန်မှစတင်ပြီး ၎င်းဘဏ်၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ရုပ်ကြွင်းလောင်စာနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၅၀ ကျော် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း Greenpeace Canada အဖွဲ့ကလည်း သတင်းထုတ်ပြန်ထားသည်။

**Ref : Sputnik News**
**Trs : AZH**

# အိုင်ယာလန်နိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးများပြတ်တောက်ပြီး လေကြောင်းခရီးစဉ်တချို့ ယာယီရပ်ဆိုင်းခဲ့ရ

**ဒပ်ဘလင် ဧပြီ ၇**

အိုင်ယာလန်နိုင်ငံတွင် ဧပြီ ၆ ရက်က အားကောင်းသည့်မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ မုန်တိုင်းကြောင့် လျှပ်စစ်မီးများပြတ်တောက်ပြီး လေကြောင်းခရီးစဉ်တချို့ကို ယာယီရပ်ဆိုင်းခဲ့ရကြောင်း အိုင်ယာလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါမုန်တိုင်းကို ကက်လင်းမုန်တိုင်းဟု အမည်ပေးထားပြီး အိုင်ယာလန်နိုင်ငံ၏ ၂၀၂၃-၂၀၂၄ ခုနှစ် မုန်တိုင်းရာသီတွင် ၁၁ ကြိမ်မြောက် ဝင်ရောက်တိုက်ခတ်ခဲ့သော မုန်တိုင်းဖြစ်ကြောင်း၊ မုန်တိုင်းအားကောင်းသည့်အတွက် လေကြောင်းခရီးစဉ်များ အန္တရာယ်ရှိနိုင်၍ ခရီးစဉ်များကို ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကက်လင်းမုန်တိုင်းဟာ ဒပ်ဘလင်မြို့ကို ဗဟိုပြုတိုက်ခတ်သွားခဲ့တယ်။ မုန်တိုင်းအားကောင်းခဲ့တဲ့အတွက် ကမ်းခြေဒေသတွေမှာ လှိုင်းလုံးကြီးတွေ ထနေတယ်။ မုန်တိုင်းကြောင့်လဲ လေကြောင်းခရီးစဉ်တချို့ကို ယာယီဆိုင်းငံ့ထားပြီး လျှပ်စစ်မီးတွေကိုလဲ ယာယီဖြတ်တောက်ထားပါတယ်"ဟု အိုင်ယာလန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။



မုန်တိုင်းသည် အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့ကိုဗဟိုပြု၍ တိုက်ခတ်သွားခဲ့ခြင်းဖြစ်ပြီး ဒပ်ဘလင်လေဆိပ်ရှိ လေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားကြောင်း၊ မုန်တိုင်းအခြေအနေ တည်ငြိမ်သွားမှသာ လေကြောင်းခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် ပြည်သူများ၏ လုံခြုံရေးထိခိုက်မည်ကို စိုးရိမ်သည့်အတွက်ကြောင့်လည်း လျှပ်စစ်မီး ဖြတ်တောက်ခြင်းနှင့် လေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းခြင်းတို့ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အိုင်ယာလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ကုလသမဂ္ဂအဖွဲ့၏ ဂါဇာကမ်းမြောင်ဒေသအရေးဆွေးနွေးမှုကို ခေတ္တရပ်ဆိုင်းခဲ့

**ဝါရှင်တန် ဧပြီ ၇**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဧပြီ ၆ ရက်က ပြင်းအား ၄ ဒသမ ၈ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်လှုပ်ခတ်စဉ် ကုလသမဂ္ဂအဖွဲ့က နယူးယောက်မြို့ရှိ အဖွဲ့ချုပ်ရုံး၌ ဂါဇာကမ်းမြောင်ဒေသအရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်လျက်ရှိရာ မြေငလျင်လှုပ်ခတ်မှုကြောင့် ဆွေးနွေးပွဲကို ခေတ္တရပ်ဆိုင်းခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေငလျင်သည် ကုလသမဂ္ဂအဖွဲ့၏ ရုံးစိုက်ရာနေရာနှင့် ခုနစ်ကီလိုမီတာအကွာမှ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း နယူးယောက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဂါဇာကမ်းမြောင်ဒေသအရေးနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေပြုလုပ်နေတုန်းမှာ မြေငလျင်လှုပ်ခတ်ခဲ့တဲ့အတွက် အစည်းအဝေး တက်ရောက်လာသူတွေ အထိတ်တလန့် ဖြစ်ခဲ့ရတယ်။ မီးသတ်နဲ့ ကယ်ဆယ်ရေးအဖွဲ့အစည်းက ဝန်ထမ်းတွေဟာ မြေငလျင်လှုပ်ခတ်ခဲ့တဲ့နေရာတွေကို သွားရောက်စစ်ဆေးမှု ပြုလုပ်ခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံတချို့ အသေးစားပျက်စီးမှုတွေသာ ဖြစ်ပေါ်ခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ပါဘူး"ဟု ကုလသမဂ္ဂအစည်းအဝေးသို့ တက်ရောက်နေသည့် နယူးယောက်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ကေတီဟိုချယ်က ပြောကြားသွားခဲ့သည်။

နယူးယောက် မီးသတ်နှင့် ကယ်ဆယ်ရေး ဝန်ထမ်းများက မြေငလျင်လှုပ်ခတ်ခဲ့သော ဧရိယာသို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ မြေငလျင်ကြောင့် အဆောက်အအုံတချို့ အသေးစားပျက်စီးမှုများသာဖြစ်ပေါ်ခဲ့ကြောင်း နယူးယောက် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ



# နွေရာသီနှင့်အပူဒဏ်ကာကွယ်နိုင်ရေး

မောင်သောင်းဝင်း(တမန်ဟောင်း)



နိုင်ငံတစ်ဝန်း၌ မတ်လနှောင်းပိုင်းကတည်းက အပူချိန်တရိပ်ရိပ် မြင့်တက်လာလျက်ရှိသည်။ အယ်နီညိုဖြစ်စဉ်ကြောင့် အချို့သောဒေသများတွင် အပူချိန်စံချိန်တင်မြင့်တက်လျက်ရှိသည်။ မတ် ၃၁ ရက်တွင် ချောက်၊ မင်းဘူး၊ မကွေး၊ တောင်တွင်းကြီးမြို့တို့၏ အပူချိန်သည် ၄၂ ဒီဂရီဆဲလ်စီးယပ်ဖြစ်သည်။ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်သည်ပင်လျှင် လွန်စွာပူပြင်းလှသည်။ နေ့စဉ်မြင့်တက်လျက်ရှိသော အပူချိန်ကြောင့် ယခုရက်ပိုင်းအတွင်း မိုးလင်းကတည်းက ချွေးတဒီးဒီးကျပြီး နေရထိုင်ရခက်လာသည်။ လူတိုင်း၏ နှုတ်ဖျားတွင် ပူလိုက်တာဆိုသောစကားကိုသာ နေ့စဉ်ကြားနေရသည်။ မွန်းလွဲပိုင်းအပူချိန်သည် နေတစ်စင်းတည်းမှဟုတ်ရဲ့လားဟုပင် ထင်ရသည်။ လူကြီး၊ လူငယ်အားလုံး အပူဒဏ်ကို အလူးအလဲခံနေကြရသည်။

### ပြုမူနေထိုင်လာကြ

ပြင်းထန်လှသောအပူဒဏ်ကို အန်တုနိုင်ရန်အတွက် ရေစိမ်ချိုးခြင်း၊ ရေခဲရေသောက်ခြင်း၊ အဲကွန်း၊ ပန်ကာလေခံခြင်း၊ အင်္ကျီချွတ်ထားခြင်းစသည့် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသောပြုမူနေထိုင်မှုများကို လူတိုင်းနီးပါးပြုမူလာကြသည်။ အထူးသဖြင့် ညဘက်တွင် အပူချိန်ကြောင့် နှစ်ခြိုက်စွာအိပ်မရသဖြင့် ဖျာ၊ သင်ဖြူးများကို ရေဆွတ်ခြင်း၊ အိပ်ရာခင်းများကို ရေဆွတ်ခြင်းများပြုလုပ်လာကြသည်။ နေ့ခင်းဘက်တွင်လည်း အချို့သောလုပ်သားများသည် ပုဆိုး၊ တဘက်များကို ရေဆွတ်ခြုံပြီး အလုပ်လုပ်နေကြသည်ကို တွေ့ရသည်။ ကျန်းမာရေးအတွက် လွန်စွာအန္တရာယ်ရှိသော လုပ်ရပ်များဖြစ်ပေသည်။ အခိုက်အတန့်သာ အပူသက်သာသော်လည်း ရေရှည်တွင် ကျန်းမာရေးအတွက် ဆိုးကျိုးများစွာဖြစ်ပေါ်စေနိုင်သည်။

အပူချိန်ပြင်းထန်လှသောကြောင့် နံနက် ၈ နာရီခန့်ကတည်းက အပေါ်အင်္ကျီများချွတ်ချင်လာကြသည်။ အမှန်တကယ်မှာ ထိုသို့မပြုလုပ်သင့်ပေ။ အင်္ကျီချွတ်ထားသူတစ်ဦးသည် အဲကွန်းနှင့် ပန်ကာလေ တိုက်ရိုက်ထိခံရပါက ကိုယ်လက်များနာကျင်ကိုက်ခဲလာပါသည်။ နေ့စဉ် ထိုသို့ပြုမူနေထိုင်သွားမည်ဆိုလျှင် ကိုယ်လက်နာကျင်ကိုက်ခဲဖျားနာလာမည်ဖြစ်သည်။ မည်မျှပင် ပူပြင်းနေစေကာမူအပေါ်အင်္ကျီကို မချွတ်ဘဲ တစ်နေကုန်ဝတ်ထားမည်ဆိုလျှင် နေထိုင်ရအဆင်ပြေပြီး ကျန်းမာရေးနှင့် ညီညွတ်မည်ဖြစ်သည်။

### ရောဂါလက္ခဏာများ

နွေရာသီတွင် အပူချိန်ပြင်းထန်မှုကြောင့် ပင်ပန်းနွမ်းနယ်သည့် လက္ခဏာများဖြစ်သော ပျို့ခြင်း၊ သို့မဟုတ် ဂနာမငြိမ်ဖြစ်ခြင်း၊ ကြွက်တက်ခြင်းနှင့် ကြွက်သားများအားပျော့ခြင်း၊ ခေါင်းကိုက်ခြင်း၊ ရေဆာခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ မူးမိုက်ခြင်း၊ နုံးချည့်ခြင်း၊ ချွေးအလွန်အကျွံထွက်ခြင်းတို့ ဖြစ်တတ်သည့်အပြင် အပူဒဏ်ကြောင့် အရေပြားပူ၍ ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးအလွန်အကျွံထွက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်ခြင်းနှင့် တက်ခြင်းတို့ ဖြစ်တတ်သည်။

### အပူဒဏ်ကာကွယ်ရေးအကြံပြုချက်များ

နွေရာသီတွင် အပူဒဏ်ကာကွယ်ရေးအတွက် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများ၌ နားနေသင့်ပါသည်။ ပူပြင်းသည့် နေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ရှောင်ကြဉ်သင့်ပါသည်။

ထို့ပြင် ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပြီး အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်သင့်ပါသည်။ အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်သင့်ပါသည်။

နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။ ကိုယ်လက်လှုပ်ရှားနှင့် အားကစားပြုလုပ်ခြင်းကို ညနေ ၅ နာရီနောက်ပိုင်းတွင်သာ ပြုလုပ်သင့်ပါသည်။ ထို့ပြင်အရက်သေစာ သောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်သင့်ပါသည်။ ခန္ဓာကိုယ်တွင် ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကိုလုံလောက်အောင်သောက်သုံးသင့်ပါသည်။ မိတ်နှင့်ယားဖုများထွက်လာလျှင် ရေအေးဝတ်ကပ်ခြင်းနှင့် သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်သွားသင့်ပါသည်။

### ဆောင်ရန်၊ ရှောင်ရန်

ပူပြင်းလှသောနေ့ခင်းဘက်များတွင် တတ်နိုင်ပါက ရေခဲရေသောက်သည့်အလေ့အထကို ရှောင်သင့်ပါသည်။ ရေခဲရေသည် အဝင်အေးသော်လည်း ဝမ်းတွင်းရောက်ပါက အပူကိုသာအားပေးစေပါသည်။ ရေခဲရေသည် သောက်လေသောက်လေ ငတ်မပြေဆိုသလို ထပ်ခါထပ်ခါသောက်နေချင်ပါသည်။ တတ်နိုင်ပါက ရေနွေးကြမ်းသောက်သင့်ပါသည်။ ရေနွေးကြမ်းသည် မကြာခဏရေဆာနေသည်ဆန္ဒကို ပြေပျောက်စေပါသည်။ နေ့ခင်းဘက်တွင် ထန်းလျက်ခဲ အနည်းငယ်စားပြီး ရေနွေးကြမ်းပူပူလေး သောက်လိုက်မည်ဆိုလျှင် ရေဆာလောင်နေမှုကို ပြေပျောက်စေသည့်အပြင် ပြင်းထန်လှသော အပူဒဏ်ကိုပါ မေ့လျော့စေနိုင်ပါသည်။

နွေရာသီတွင် နေ့ခင်းဘက်၌ အပူဒဏ်ခံနိုင်ပြီး ကျန်းမာစွာနေထိုင်နေရန်အတွက် နံနက်စောစောကတည်းက အိမ်အောက်ကို ရေဖျန်းထားသင့်ပါသည်။ တတ်နိုင်ပါက အိမ်ဘေးပတ်လည်ကိုလည်း ရေဖျန်းထားသင့်ပါသည်။ ထိုသို့ ရေဖျန်းထားလျှင် နေ့ခင်းဘက်အပူချိန်ကို အထိုက်အလျောက် သက်သာစေပါသည်။ ညဘက်တွင်နှစ်ခြိုက်စွာ အိပ်စက်နိုင်ရေးအတွက် အိပ်ရာမဝင်မီရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများပြုလုပ်ပြီး လေဝင်လေထွက်ကောင်းစေရန် တံခါးအားလုံးကို ဖွင့်ထားရန်လိုအပ်ပါသည်။ အထူးသဖြင့် ခြင်ထောင် ထောင်အိပ်ရန် မမေ့သင့်ပေ။ ရေရှားပါးသောဒေသများတွင် ရေဖတ်တိုက်ပြီးမှအိပ်ရာဝင်သင့်ပေသည်။ သနပ်ခါးထူထူလိမ်းထားခြင်းသည်လည်း အပူဒဏ်ခံနိုင်ပြီး အအေးဓာတ်ရစေပါသည်။

နွေရာသီတွင် ပြင်းထန်အပူချိန်ကြောင့် Heat-stroke ဖြစ်တတ်ပါသည်။ ထိုသို့ ဖြစ်ပွားလျှင် ရှေးဦးသူနာပြုစုနည်းအတိုင်း အပူသက်သာစေရန် ဆောင်ရွက်ပေးပြီး နီးစပ်ရာ ဆေးခန်း၊ ဆေးရုံသို့ သွားရန်လိုအပ်ပါသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် Heatstroke ဖြစ်တတ်သဖြင့် ဂရုစိုက်သင့်ပါသည်။ ကလေးများတွင်လည်း ချွေးမှတစ်ဆင့် မိတ်ဖုကဲ့သို့သော အနီအပိမ့်များထွက်လာပြီး အဖျားတက်သည်ထိဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပြီး ကလေးငယ်များကို သနပ်ခါးများ လိမ်းပေးထားမည်ဆိုလျှင် အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။

နွေရာသီတွင် အပူချိန်ပြင်းထန်လှသဖြင့် အရက်၊ ဘီယာသောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်သင့်

> ❖ နွေရာသီတွင် အပူဒဏ်ကာကွယ်ရေးအတွက် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများ၌ နားနေသင့်ပါသည်။ ပူပြင်းသည့်နေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ ရှောင်ကြဉ်သင့်ပါသည်။ ထို့ပြင် ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပြီး အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်သင့်ပါသည်။ ❖

သည်။ အယ်ကိုဟောနှင့် ပြင်းထန်အပူချိန်တို့ ပေါင်းစပ်လိုက်လျှင် ဦးနှောက်သွေးကြောပြတ်သည့် အဆင့်သို့ပင် ရောက်သွားနိုင်ပါသည်။ တတ်နိုင်ပါက ဆေးလိပ်ကိုလည်း ရှောင်ရှားသင့်ပါသည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအပြင် မီးဘေးအန္တရာယ်ပါစိုးရိမ်ရသဖြင့် အထူးသဖြင့် နွေရာသီတွင် ဆေးလိပ်သောက်သည့် အလေ့အထကို ရှောင်ရှားပြုမူသွားသင့်သည်။

နွေရာသီနေ့ခင်းဘက်တွင် နေအပူချိန်အောက်၌ လုပ်ကိုင်ကြရသူများသည် ပူလောင်မှုနှင့် ဆာလောင်မှုဒဏ်ကို အခိုက်အတန့်ပြေပျောက်စေရန် ရေခဲရေသောက်ခြင်း၊ ရေခဲထုပ်၊ ရေခဲချောင်းများစားခြင်း၊ လက်လုပ်ချဉ်(သရက်သီး၊ဝွေးသီး)များနှင့် အသုပ်မျိုးစုံတို့ကို စားလေ့ရှိကြသည်။ ထိုသို့ ပြုမူခြင်းသည် ကျန်းမာရေးကို များစွာထိခိုက်စေသည်။ နွေရာသီတွင် သောက်ရေအတွက် ညဘက်ကတည်းကသဲအိုးထဲ၌ ရေထည့်ထားသင့်သည်။ ထိုသို့ ထည့်ထားလျှင်သဲအိုးထဲရှိ ရေသည်နေ့ခင်းဘက်တွင် ရေခဲရေကဲ့သို့ပင်အေးစိမ့်ပြီး ကျန်းမာရေးနှင့်လည်း ကိုက်ညီမှုရှိသည်။

နွေရာသီအပူဒဏ်ကိုအန်တုနိုင်ရန်သည် သဘာဝက ပေးထားသော သစ်ရိပ်၊ ဝါးရိပ်များသာလျှင် အကောင်းဆုံးဖြစ်သည်။ နွေထနောင်း၊ ဆောင်းမန်ကျည်း ဆိုသကဲ့သို့ နွေရာသီတွင် ထနောင်းပင်များသည် အရွက်များနှင့် စိမ်းစိုနေသောကြောင့် ထနောင်းပင်အောက်ဝင်လိုက်သည်နှင့် အေးမြသွားစေသည်။ ထို့ကြောင့် မိမိအိမ်ပတ်ဝန်းကျင်တွင် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးထားမည်ဆိုလျှင် နွေရာသီအပူဒဏ်ကို အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။ တောလေ့ထန်းလက်နှင့် သက်ငယ်တဲများသည် အပူဒဏ်ခံနိုင်သော အဆောက်အအုံများပင်ဖြစ်သည်။ တတ်နိုင်ပါက သက်ကြီးရွယ်အိုများနှင့် ကလေးများအတွက် ယာယီအပူရှောင်တဲများ ဆောက်လုပ်ပေးထားသင့်ပေသည်။

ဆိုရလျှင် အသက်ကိုဥဏ်စောင့်ဥစ္စာကိုကံစောင့် ဆိုသကဲ့သို့ ပြင်းထန်လှသော အပူဒဏ်အောက်တွင် ကျန်းမာစွာဖြတ်သန်းနိုင်ရေးအတွက် နေထိုင်မှုပုံစံများမှန်ကန်ရန်လိုပါသည်။ လူသားတို့သည် အနာဂတ်ကာလတွင် အစွန်းရောက်ရာသီဥတုကို ဆက်တိုက်ကြုံတွေ့လာရတော့မည်ဖြစ်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်သည်။ အထူးသဖြင့် ယခုလိုပူပြင်းလှသော နွေရာသီတွင် အပူဒဏ်ကိုခံနိုင်ရန်အတွက် သဘာဝနည်းကိုသာ အသုံးပြုသင့်သည်။ ဆိုလိုသည်မှာ သဘာဝကျကျ နေထိုင်သွားမည်ဆိုလျှင် အပူဒဏ်ကိုလွယ်ကူစွာကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ၊ သဘာဝလွန် အစားအသောက်များကိုသာ အသုံးပြုမှီဝဲသွားမည်ဆိုလျှင်ရေရှည်တွင် ကျန်းမာရေးကိုများစွာ ထိခိုက်စေနိုင်ပါကြောင်း အကြံပြုရေးသား ဖော်ပြအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ ၁၂၇၅၅ ဧက ရိတ်သိမ်းပြီးစီး



**ဟုမ္မလင်း ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ ၁၂၇၅၅ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံစိုက်ခင်းများကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၂၇၅၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ ဆီထွက်သီးနှံ ၁၂၇၅၅ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိမှာလဲ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ဆီထွက်သီးနှံ တိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့တယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆီထွက်သီးနှံအလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြေပဲ ၁၁၀၁၆ ဧက တစ်ဧကလျှင် ၆၄ ဒသမ ၅၅ တင်း၊ နှမ်း ၁၄ ဧက တစ်ဧကလျှင် ၁၂ ဒသမ ၃၆ တင်း၊ ဆီမုန်ညင်း ၈၇၈ ဧက တစ်ဧကလျှင် ၁၉ ဒသမ ၉၁ တင်း၊ နေကြာ ၅၂၅ ဧက တစ်ဧကလျှင် ၂၄ ဒသမ ၈၂ တင်း၊ ပန်းနှမ်း ၃၂၂ ဧက တစ်ဧကလျှင် ၁၀ တင်း ထွက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဧက ၃၅၀၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ မြေပဲ ၁၁၀၁၆ ဧက၊ နှမ်း ၁၄ ဧက၊ ဆီမုန်ညင်း ၈၇၈ ဧက၊ နေကြာ ၅၂၅ ဧက၊ ပန်းနှမ်း ၃၂၂ ဧက စုစုပေါင်း ၁၂၇၅၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် မြောင်းဦးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ ဧပြီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်းဦးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မြောင်းဦးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းချက်များ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ၊ လအလိုက်ပေးပို့ရသည့်စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ အရင်း၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း မှာကြားခဲ့သည်။

စေတုတ္တရာမြို့နယ် မြောင်းဦးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကိုငွေကျပ် ၂၄ ဒသမ ၁၅ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို ငွေကျပ် ၃၅ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ပြောပြ၍ သိရသည်။ **ကိုညို**

# သမိုင်းပေးတာဝန်ကျေပွန်ဖို့ စွမ်းဆောင်ကြစို့မောင်တို့တစ်တွေ

**ကျော်တေဇ(ဉက္ကလာ)**

သမိုင်းစဉ်များကြားတွင် နေ့ရက်များစွာရှိသည်။ နေ့ရက်များကြား၌လည်း သမိုင်းများစွာရှိသည်။ နေ့ရက်ဟူသည် သဘာဝတရား၏ ဖြစ်တည်ရာဆိုသော်ငြား သမိုင်းဟူသည်ကား သဘာဝတရားမဟုတ်ပေ။ သမိုင်းဆိုသည်မှာ လူသားတို့ ခြယ်မှုန်းရေးသားသော အနုပညာတစ်ရပ်ပမာဖြစ်သည်။ လူသားတို့တစ်တွေ မည်သို့ခြယ်မှုန်း ရေးသားကြပါစေ သမိုင်းဆိုသည်ကား နိုင်ငံတော်အတွက် စွမ်းအားရှိသော သမိုင်းသာဖြစ်ရပါမည်။ စွမ်းအားရှိသော သမိုင်းများစွာကား စာရေးသူတို့နိုင်ငံတော်တွင် များစွာထင်ကျန်ရစ်ပြီးဖြစ်သည်။ နိုင်ငံ့မျိုးဆက်အလိုက် သမိုင်းအသွယ်သွယ်ကို စွမ်းအားရှိဆုံး သမိုင်းများအဖြစ် ရေးထိုးနှင့်ကြပြီးဖြစ်၏။ ယနေ့မျိုးဆက်သစ် လူငယ်မောင်မယ်တို့အားလုံးသည်လည်း ကျရောက်လာသည့် သမိုင်းပေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း စွမ်းအားရှိသော သမိုင်းတစ်ခုကို ဆက်လက်ခြယ်မှုန်းရေးသားကြရပေလိမ့်မည်။

လူငယ်လူရွယ်များ၏ စွမ်းအားဖြင့် ခေတ်အဆက်ဆက် နိုင်ငံတော်ကာကွယ်ရေးအတွက် သမိုင်းပေးတာဝန်ကျေပွန်ခဲ့မှုများကို ပြန်ပြောင်းကြည့်ကြပါမည်။ လွတ်လပ်ရေးကြိုးပမ်းမှုအတွက် တပ်မတော်တစ်ရပ်၏အမြုတေသည် ရဲဘော်သုံးကျိပ်ဖြစ်သည်ကို အားလုံးသိနှင့်ပြီးဖြစ်သည်။ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ဘီအိုင်အေကို ဖွဲ့စည်းသည်။ အမျိုးသားရေးအားမာန်များ ဆူပွက်နေသည့်အချိန်တွင် ဗန်ကောက်မြို့ရှိ မြန်မာတိုင်းရင်းသားများ ဘီအိုင်အေသို့ တဖွဲဖွဲဝင်ရောက်ခဲ့ကြသည်။ ၁၉၄၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဘီအိုင်အေတပ်မတော်ကြီးသည် တနင်္သာရီဒေသကို ဖြတ်ကျော်ကာ မြန်မာနိုင်ငံထဲသို့ စတင်ဝင်ရောက်လာခဲ့သည်။ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပြီး လူငယ်လူရွယ် အများအပြား တပ်မတော်ထဲသို့ ဝင်ရောက်စစ်မှုထမ်းခဲ့ကြသည်။ အရွယ်ရောက်သော ကျောင်းသားအများအပြား ပါဝင်ခဲ့သည်။

ဘီအိုင်အေစစ်ကြောင်းကြီးသည် ဒေသအသီးသီးကို ဖြတ်ကျော်ခဲ့ကြပြီး ဖြတ်သန်းခဲ့ရာ မြို့စဉ်ရွာစဉ်တစ်လျှောက် တက္ကသိုလ်ကျောင်းသားများနှင့် အရွယ်ရောက်သော အထက်တန်းကျောင်းသားလူငယ်များ ဘီအိုင်အေတပ်ထဲသို့ ဝင်လာခဲ့ကြသည်။ ပြင်းထန်သော မျိုးချစ်စိတ်ဓာတ်များကြောင့် အသက်လိမ်လည်ကာ ဘီအိုင်အေတပ်ထဲ ဝင်ခဲ့ကြသည်ဆိုသည့် သမိုင်းတချို့ပင် တွေ့မြင်ရပါသေးသည်။ အညာဒေသမှ ဒေသခံများသည် ဘီအိုင်အေတပ်ကြီး အညာဒေသသို့ မရောက်နိုင်သေးသည့်အတွက် မစောင့်နိုင်၊ မအောင့်နိုင်ဖြစ်ကာ ဘီအိုင်အေရှိရာ ရန်ကုန်သို့ လူကိုယ်တိုင်သွားရောက်ပြီး တပ်သားအဖြစ် စာရင်းပေးခဲ့ကြသည်။ ထိုစဉ်ထိုအခါက လူငယ်ထု၏ နှလုံးသားတွင် မည်သည့်အရာက လွှမ်းမိုးထားခဲ့ပါသနည်း။ ထွေထွေထူးထူးပြောရန်မရှိ။ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြင်းထန်သော မျိုးချစ်စိတ်များမှတစ်ပါး အခြားမရှိပေ။

ဒုတိယကမ္ဘာစစ်ကြီးကြောင့် နိုင်ငံတွင်တက္ကသိုလ်နှင့်အတူ ကျောင်းအားလုံးပိတ်ခဲ့သည်။ စစ်ကြီးပြီး၍ ကျောင်းများပြန်ဖွင့်သော်လည်း ပညာသင်ကြားရေးနှင့် ကင်းဝေးခဲ့သည့် ကျောင်းသားကြီးများသည် စာသင်ခန်းများသို့ ပြန်မလာကြတော့ပေ။ လွတ်လပ်ရေးတိုက်ပွဲကို ဆုံးခန်းတိုင်အောင် ဆင်နွှဲမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်များဖြင့် ပညာရေးကို အပြီးသတ်စွန့်လွှတ်ကာ တပ်မတော်တွင် ဆက်လက်အမှုထမ်းကြသူများလည်းရှိခဲ့သည်။ လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့်လွှတ်ရမည်ဟူသော ခံစားချက်အသွယ်သွယ်က ပြင်းပြသော ခံယူချက်များဖြစ်လာခဲ့ကြသည်။ စစ်သွေးစစ်မာန် တက်ကြွခဲ့ကြသည်။ ထိုခံယူချက်များနှင့်အတူ တပ်မတော်တွင် တာဝန်ထမ်းဆောင်ကြရင်း နောင်အခါဝယ် တပ်မတော်နှင့် နိုင်ငံတော်တွင် အဆင့်မြင့်တာဝန်များ ထမ်းဆောင်ခွင့်ရခဲ့ကြပြီး တချို့မှာမူ ထိပ်တန်းခေါင်းဆောင်ကြီးများပင် ဖြစ်ခဲ့ကြပေသည်။ လေးစားအားကျ အတုယူဖွယ်များဟု မီးမောင်းထိုးပြလိုပါသည်။

လွတ်လပ်ရေးရပြီးစ ၁၉၄၉ ခုနှစ် နှစ်ဆန်းပိုင်း၌ သောင်းကျန်းသူများက နေရာအနှံ့ထိုးစစ်ဆင်ခဲ့ကြသည်။ တပ်မတော်နှင့်အတူ ကျောင်းသားတပ်ဦးအမည်ခံ ကျောင်းသားများက လက်နက်ကိုင်ပြီး ပါဝင်တိုက်ခိုက်ခဲ့ကြပြန်သည်။ ကေအင်န်ဒီအိုတို့က အင်းစိန်မြို့ကို ခြေကုပ်ယူကာ ရန်ကုန်မြို့တော်ကို သိမ်းပိုက်ရန်ကြိုးစားကြသည်။ ထိုအခြေအနေ၌ တပ်မတော်နှင့်အတူ ရန်ကုန်တက္ကသိုလ်ကျောင်းသားတချို့ပါဝင်ပြီး တိုက်ပွဲဝင်ခဲ့ကြ၏။ ထိုနည်းတူ မန္တလေးမြို့ နန်းတွင်းထိ ထိုးဖောက်တိုက်ခိုက်လာသော သောင်းကျန်းသူများကိုလည်း မန္တလေးတက္ကသိုလ်ကျောင်းသားများက တပ်မတော်နှင့်အတူ လက်တွဲကာ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုအရေးအခင်းကြီး ပြီးသော်လည်း ကျောင်းသားတချို့ စာသင်ခန်းမပြန်ကြတော့ဘဲ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ကြသေးသည်။ နိုင်ငံတော်၏ သမိုင်းစာမျက်နှာများထဲမှ စွမ်းအားရှိသော သမိုင်းများကို အထင်းသားမြင်တွေ့နိုင်ပါသည်။

နိုင်ငံတော်အတွက် လိုအပ်လာချိန်တိုင်းမှာ လူငယ်လူရွယ်များ၏ ပေးဆပ်ရဲမှု၊ စွန့်လွှတ်စွန့်စားလိုမှုများသည်ကား မြန်မာတို့၏ သွေးကြောများထဲတွင် စိမ့်ဝင်စီးဆင်းနေခဲ့ပြီးသားဖြစ်သည်။ ကြားလေသွေး၍သာ သူစိမ်းဆန်ဆန် နေနိုင်ခဲ့ကြသော်လည်း အရေးကြီးလျှင် သွေးနီးတတ်သည်မှာ မြန်မာတို့၏ ဝိသေသတစ်ခုသာဖြစ်သည်။ လူငယ်ထုအနေဖြင့် ကိုယ်စီနှလုံးသားကို ငါတို့နိုင်ငံ ငါတို့လူမျိုးဟူသာ နှိုးဆွကြည့်စေချင်သည်။ တစ်စက်တစ်ပေါက် ဆူပွက်လာမည့် နှလုံးသွေးစက်ကအစ We Are Myanmar ဆိုသည့် စိတ်များထင်ရှားစွာ ဖြစ်တည်လာပါလိမ့်မည်။ အမိနိုင်ငံတော်အနေဖြင့်လည်း လူငယ်လူရွယ်တို့၏ နိုးကြားတက်ကြွလာမည့် အချိန်ကောင်းအခါကောင်းကို အမြဲမျှော်လင့်နေဆဲဖြစ်သည်ကို အားလုံးနှလုံးသွင်းထားကြရန် လိုအပ်ပါသည်။

ယနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အတူ နိုင်ငံတော်၏တစ်နံတစ်လျား၌ လူငယ်လူရွယ်အများအပြား ကိုယ်စီစာရင်းပေးကာ တဖွဲဖွဲဝင်ရောက်နေကြသည်ကို တွေ့မြင်နေရပါသည်။ စိတ်ခွန်အားတက်ကြွဖွယ်ရာ နေ့ရက်များနှင့်အတူ စွမ်းအားရှိသောသမိုင်းထုကို မြင်တွေ့ရတော့မည်သာဖြစ်သည်။ မိမိနိုင်ငံကို မိမိမှမကာကွယ်လျှင် မည်သည့်နိုင်ငံသားကမျှ ဝင်ရောက်ကာကွယ်ကြမည်မဟုတ်။ မိမိနိုင်ငံကို မိမိမြန်မာတိုင်းရင်းသားများကသာ မိမိရရ ကာကွယ်ကြရမည်။ ဤသည်ကား ပကတိအရှိတရားပင်ဖြစ်၏။ စစ်မှန်သော အသိတရားတစ်ခု အသွင်သဏ္ဌာန်တစ်ရပ်မှ ဖြစ်သင့်ဖြစ်ထိုက်သော အရှိတရားတစ်ခုအသွင်ကို ခပ်မြန်မြန် ကူးပြောင်းချိန်လည်း တန်ပါပြီ။ စတင်ကူးပြောင်းနေပြီဟုလည်း ခံစားမိပါသည်။

ကာကွယ်ရေးအတတ်ပညာဆိုသည်မှာ အမှန်တွင် နိုင်ငံသူနိုင်ငံသားတိုင်း တတ်မြောက်ထားသင့်သည့် အတတ်ပညာတစ်ခုလည်း ဖြစ်ပေသည်။ ကာကွယ်ရေးအတတ်ပညာကို တတ်မြောက်ထားကြမှသာလျှင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ မိသားစုများကို ကာကွယ်နိုင်မည်သာဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၏ သမိုင်းမြေခံသည် သူကျွန်ဘဝဆိုသည့် ခံစားချက်အဖြစ် လူငယ်ထု၏ နှလုံးသားကို လွှမ်းမိုးချုပ်ကိုင်ထားနိုင်ခဲ့သည်။ ထိုအသိ ထိုခံစားချက်ကြောင့် ထိုလူငယ်လူရွယ်ထုကြီး၏ နှလုံးသားတွင် အမျိုးသားရေးအားမာန်များ ထုံမွမ်းခဲ့သည်ဟုဆိုရမည်။ ပြည်တွင်းသောင်းကျန်းမှုကာလတွင်ကား မငြိမ်းချမ်းခြင်း၊ သောင်းကျန်းသူများ၏ နှိပ်စက်မှု အနိဋ္ဌာရုံဆိုးများကြောင့် ငြိမ်းချမ်းခြင်းဆီသို့ဦးတည်ရန် အကြောင်းတရားသည် ထိုခေတ်လူငယ်လူရွယ်တို့အတွက် သမိုင်းမြေခံဖြစ်ခဲ့ရပေသည်။ ထို့ကြောင့်လည်း သူတို့စစ်သွေးစစ်မာန်တက်ကြွဖြစ်ခဲ့ကြသည်ဟု ကောက်ချက်ချရပါမည်။

ယနေ့ မျက်မှောက်ခေတ် မြင်ကွင်းများကိုလည်း ယနေ့လူငယ်လူရွယ်တို့ အသိပင်ဖြစ်သည်။ ပြည်ပနိုင်ငံတချို့၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အားပြိုင်မှုများကြားတွင် တိုင်းရင်းသားသွေးစည်းညီညွတ်မှု မတောင့်တင်းနေသမျှ ကြုံတွေ့နေရမည့် စိန်ခေါ်မှုများကို မည်သို့ခုခံကာကွယ်ကြမည်နည်း။ အခြေအနေတစ်ရပ်က မိမိကိုယ်ကို ဖန်တီးခံမည်လား။ ကိုယ်က အခြေအနေကို ဖန်တီးမည်လား။ ယနေ့ အကြမ်းဖက်ဖြစ်စဉ်ဖြစ်ရပ်များကြားမှ နစ်မွန်းရမည့်အရေးကို ရင်ပူပူဖြင့် ထိုင်စောင့်ကြတော့မည်လား။ စာရေးသူ ထင်ပါသည်။ ဤမေးခွန်းများစွာကား ယနေ့လူရွယ်လူငယ်များအတွက် ဆုံးဖြတ်ချက်ချစရာ သမိုင်းမြေခံတစ်ခုဖြစ်လာပါလိမ့်မည်။ ထိုမှသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အင်အားထုကြီးတစ်ရပ်ဖြစ်လာမည်ဟုလည်း ယုံကြည်မိပါသည်။

မည်သို့ပင်ဆိုပါစေ။ သမိုင်းကြောင်းဆိုသည်မှာ ရေစီးတစ်ခါ ရေသာတစ်လှည့် ဆိုသလိုပင်။ ကိုယ့်သမိုင်းအလျဉ်နှင့် ကြုံတွေ့လာသည့်အခါ ကိုယ်စီတာဝန်ကျေပွန်ရမည်မှာ နိုင်ငံသားတိုင်း၏ တာဝန်သာဖြစ်ပါလိမ့်မည်။ အခြေအနေဖန်တီးခွင့်ရနိုင်ရန်နှင့် သမိုင်းပေးတာဝန်တစ်ရပ် ကျေပွန်စေရန်တို့၏ အန္တိမရည်မှန်းချက်မှာ ကိုယ်စီနှလုံးသားအသိများနှင့် ဆုံးဖြတ်တာဝန်ယူသင့်သည်မှတစ်ပါး အခြားရှိမည်မထင်။ ခေတ်အဆက်ဆက် မျိုးဆက်ဟောင်းများက တာဝန်ကျေပွန်ခဲ့ကြပါပြီ။ ကိုယ့်အလှည့် ကိုယ့်သမိုင်းကို ယနေ့လူငယ်လူရွယ်တို့ မည်သို့ရေးသားခြယ်မှုန်းကြမည်နည်း။ မည်သို့မည်ပုံရေးမည် မသိသော်ငြား ယနေ့လူငယ်မျိုးဆက်သစ်များသည်လည်း မိမိနိုင်ငံ၏ သမိုင်းကို စွမ်းအားအရှိဆုံး သမိုင်းအဖြစ် ဆက်လက်ဖန်တီးခြယ်မှုန်းမည်ဟု စာရေးသူ တထစ်ချယုံကြည်နေပါသည်။ ထို့ကြောင့် သမိုင်းပေးတာဝန်ကျေပွန်ဖို့ စွမ်းဆောင်ကြစို့ မောင်တို့တစ်တွေဟုသာ သမိုင်းအသစ်အတွက် နှိုးဆော်လိုက်ရပါတော့သည်။

❖ ယနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အတူ နိုင်ငံတော်၏ တစ်နံတစ်လျား၌ လူငယ်လူရွယ်အများအပြား ကိုယ်စီစာရင်းပေးကာ တဖွဲဖွဲဝင်ရောက်နေကြသည်ကို တွေ့မြင်နေရပါသည်။ စိတ်ခွန်အားတက်ကြွဖွယ်ရာနေ့ရက်များနှင့်အတူ စွမ်းအားရှိသော သမိုင်းထုကို မြင်တွေ့ရတော့မည်သာဖြစ်သည်။ မိမိနိုင်ငံကို မိမိမှမကာကွယ်လျှင် မည်သည့်နိုင်ငံသားကမျှ ဝင်ရောက်ကာကွယ်ကြမည်မဟုတ်။ မိမိနိုင်ငံကို မိမိမြန်မာတိုင်းရင်းသားများကသာ မိမိရရကာကွယ်ကြရမည်။ ဤသည်ကား ပကတိအရှိတရားပင်ဖြစ်၏။ ❖

# သာစည်မြို့နယ် သမန်းကျားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ငှက်မင်းကုန်းကျေးရွာအုပ်စု သမန်းကျားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် သမန်းကျားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သမန်းကျားကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၅၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၈ ဒသမ ၅၅သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၅ ဦးကို ငွေကျပ် ၄၇ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# တန်ခူးလရာသီပန်းများနှင့် ကျန်းမာရေး

ပေါက်ပေါက်

တန်ခူးလသည် မြန်မာတို့၏ နှစ်ဦးအစ လထူးလမြတ်ဖြစ်သည်။ တစ်နည်းဆိုသော် နွေရာသီ၏ အပူဒဏ်ကို သင်္ကြန်ရေဖြင့် အေးမြစေသည် သို့မဟုတ် နှစ်ဟောင်းမှအညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောကာ သစ်လွင်တောက်ပသန့်စင်လာစေသည်ဟု မြန်မာပြည်သူ ပြည်သားအားလုံးက မိရိုးဖလာအရ လက်ခံထားကြသည်။

ရှေးပညာရှိအကျော်အမော်တို့က ဆယ့်နှစ်ရာသီပန်းများတွင် ကံ့ကော်ပန်းကို တန်ခူးလရာသီပန်းအဖြစ် သတ်မှတ်ထားသည်။ မည်သို့ပင်ဆိုစေကာမူ သင်္ကြန်မိုးပြေးရွာသည်နှင့် ပိတောက်များဖူးပွင့်လာကြသည်။ တန်ခူးလသင်္ကြန်ပွဲတော်နှင့်အတူ ချစ်စရာကောင်းသော ငုပန်းများလည်း ပင်လုံးကျွတ်ပွင့်လန်းကြသည်။ ထို့ကြောင့် တန်ခူးလရောက်လျှင် ကံ့ကော်ပန်း၊ ပိတောက်ပန်း၊ ငုပန်းတို့ သာမက ပျဉ်းမပန်း၊ ရင်ခတ်ပန်းတို့လည်း အလှချင်းဆိုင်လျက် အပြိုင်ပွင့်ကြသည်။

ထူးခြားသည်မှာ တန်ခူးလတွင်ပွင့်သောပန်းများအားလုံး ရွှေဝါရောင်ဖြစ်ကြသည်အတွက် "ရွှေမြန်မာ" ဟူသောအမည်ဖြင့် လိုက်ဖက်လှပေသည်။ သို့သော် ရင်ခတ်ပန်းကအဖြူမျိုးလည်းရှိတတ်ပြီး အဝါမျိုးကို အများဆုံးတွေ့ရသည်။ ပျဉ်းမပန်းကလေးများကလည်း မဟာဆန်ဆန် ခရမ်းရောင်လေးမို့ တစ်မျိုးချစ်စရာကောင်းနေသည်။ ဖော်ပြပါ ပန်းတစ်မျိုးစီတွင် လူသားတို့ ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းက ကောင်းကျိုးပြုနေကြောင်း သိသူအလွန်ရှားသည်။ ထို့ကြောင့် စာရေးသူက တန်ခူးလရာသီတွင် ဖူးပွင့်ကြသောပန်းများနှင့် ၎င်းတို့၏ ကျန်းမာရေးအာနိသင်များအကြောင်းကို ရေးသားဖော်ပြလိုပါသည်။

**ကံ့ကော်ပန်းနှင့် ကျန်းမာရေး**

အဖြူရောင်ပွင့်ချပ်လေးပေါ် ရွှေမှုန်ရောင်ဝတ်ဆံလေးများနှင့် ကံ့ကော်ပန်းက နှစ်သက်စရာကောင်းသလို ရနံ့သင်းလှသည့်အတွက် အမျိုးသမီးတိုင်း နှစ်သက်ကြသည်။ ပန်းခြောက်သွားလျှင်လည်း ကံ့ကော်ဝတ်ဆံလေးများကိုသိမ်းထားကာ သနပ်ခါးကျောက်ပျဉ်သွေးရာတွင် ၎င်းဝတ်ဆံလေးများထည့်၍ သနပ်ခါးပါးကွက်ကျားလိမ်းကြသည်။ ကံ့ကော်ဝတ်ဆံသနပ်ခါးဝါလေးက ညှိသူချော ဖြူသူလှစေကာ ချွေးထွက်တိုင်းမွှေးသည်။ အပွင့်၊ ဝတ်ဆံ၊ အစေ့၊ အမြစ်၊ အခေါက်၊ အဆီ အားလုံး ဆေးဖက်ဝင်သည်။ မြန်မာ့ဆေးကျမ်းများအလိုအရ ကံ့ကော်သည် အစာကိုကြေစေသည်။ အရောင်အဆင်းကိုဖြစ်စေသည်။ သွေးဖောက်ပြန်ခြင်း၊ နှလုံးနာကျင်ခြင်း၊ အဆိပ်သင့်ခြင်း၊ ဆီးအိမ်နာကျင်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်းတို့ကို ပျောက်စေသည်ဟုဆိုထားသည်။

အပွင့်များကို ထောပတ်၊ သကြားရောစပ်၍ ကြိတ်ပြီးစားပါက ခန္ဓာကိုယ်တွင်း အပူများခြင်း၊ ရေငတ်ခြင်းနှင့် ဒူလာသွေးကျရောဂါ ပျောက်ကင်းစေသည်။ အဆိပ်သင့်ရောဂါများအတွက် ကံ့ကော်ပွင့်လတ်လတ်ဆတ်ဆတ်ကို ဝါးစားရသလို အစာအိမ်မကောင်းခြင်း၊ ဝမ်းလျှောဝမ်းပျက်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ချွေးထွက်လွန်ခြင်း၊ ချောင်းဆိုးခြင်း၊ သလိပ်များခြင်းတို့အတွက် ကံ့ကော်ပွင့်ခြောက်ကိုပြုတ်စားရသည်။ ကံ့ကော်ဝတ်ဆံကို အလွန်ပြင်းသော အဖျား၊ သွေးတိုးရောဂါ၊ အိပ်မပျော်ခြင်း၊ ဦးခေါင်းသို့သွေးဝင်သောအနာ၊ မီးယပ်သွေးလျှံသောအနာ၊ သည်းခြေဖောက်ပြန်သောရောဂါ၊ ထိတ်လန့်ရှူးသွပ်သော အနာတို့ကိုကုသသော ဆေးဝါးဖော်စပ်ရာ၌ သုံးသည်။ သကြားခဲနှင့် ကံ့ကော်ဝတ်ဆံရောကြိတ်၍ ဆီဦးထောပတ်နှင့်တေပြီး သုံးဆောင်ပါက ခြေပူခြေကွဲ၊ ဒူလာသွေးကျရောဂါ ပျောက်သည်။ အရေပြားပေါ်တွင်ပေါက်သော အပူဖုများ၊ ယားနာများအတွက်ကိုလည်း ကံ့ကော်ဝတ်ဆံကို သနပ်ခါးနှင့်ကြိတ်၍ သွေးလိမ်းပါက အနာများကို ပျောက်သည်။ ကံ့ကော်မြစ်နှင့် အခေါက်ကို အားဆေးအဖြစ် အသုံးပြုနိုင်သည်။ အစေ့မှရသောအဆီကို အဆစ်အမျက်ရောင်ရောဂါ၊ ဝဲ၊ ယားနာ စသောရောဂါများပျောက်ကင်းစေရန် လိမ်းဆေးအဖြစ် အသုံးပြုသည်။ အနာပုပ်၊ အနာဆွေးများကိုလည်း ၎င်းအဆီလိမ်းပေးရသည်။

**ပိတောက်ပန်းနှင့် ကျန်းမာရေး**

"ပိတောက်ပန်း" ဟု မြင်လိုက်ရသည်နှင့် တဒင်္ဂအတွင်းမှာပင် စိတ်ကြည်လင်မှုကို ဖြစ်ပေါ်စေသည်။ လတ်ဆတ်သောပိတောက်ပွင့်၏ မွှေးမြမြရနံ့က အာရုံခံအင်္ဂါအဖွဲ့အစည်းကို သဘာဝအလျောက် နှိုးဆွပေးသဖြင့် လန်းဆန်းမှုကိုဖြစ်ပေါ်စေသည်။ ပိတောက်ပန်းနွမ်းသွားချိန် စိမ်းရွှေရွှေနံ့က အသက်ရှူလမ်းကြောင်းဆိုင်ရာကျန်းမာရေးကို အထောက်အပံ့ဖြစ်စေသည်။ ဦးရေပြားဗောက်ထခြင်း၊ ကိုယ်ရေပြားယားယံခြင်းတို့အတွက် ပိတောက်ရွက်ပြုတ်ရည်ဖြင့် ခေါင်းလျှော်၊ ရေချိုးပေးပါက အဆိုပါ ရောဂါများ သက်သာပျောက်ကင်းစေသည်။ အပင်မှထွက်သော အစေးက ပါးစပ်အတွင်းဖြစ်သောရောဂါများ ပျောက်ကင်းစေရန်အတွက် ရှေးလူကြီးများက အသုံးပြုကြသည်။ အမြစ်သည် တိုင်းရင်းဆေးဖက်ဝင်သည်။ ပိတောက်ပန်းက သလိပ်အားကြီးသောအနာ၊ ဝမ်းသွားသောအနာ၊ လေတိုက်၍ နှလုံးဆို့တောင့်သောအနာ၊ ခပ်သိမ်းသောအဖျားနာတို့ကိုနိုင်၏ဟု မြန်မာ့ဆေးကျမ်းတွင် ဆိုထားသည်။



ငုရွှေဝါပန်းကိုတွေ့ရစဉ်။

**ငုရွှေဝါပန်းနှင့် ကျန်းမာရေး**

ငုရွှေဝါပင်၏ ပဥ္စင်းပါး (အမြစ်၊ အခေါက်၊ အသီးအနှစ်၊ အပွင့်၊ အရွက်) အားလုံး ဆေးဖက်ဝင်သည်။ မြန်မာ့ဆေးကျမ်းများတွင် "ငုနှစ်"ဟုဖော်ပြလျှင် ငုအသီး၏ အတွင်းမှအနှစ်များကိုထည့်သွင်းဖော်စပ်ရသည်။ ဆေးအမည်တို့၌ "ဖွားဖက်"ဟုဖော်ပြလျှင် အပွင့်ပွင့်သောငုကြီးပင်၏ အခေါက်ကိုဆိုလိုခြင်းဖြစ်သည်။ မြန်မာ့ဆေးကျမ်းများအလိုအရ အသီးသည် ချိုသက်သက်ဖြစ်၏။ လေး၏။ ဝမ်းကိုစင်ကြယ်စေ၏။ အရွက်သည် နူးညံ့စွာဝမ်းသက်စေ၏။ အပွင့်သည် အေး၏။ ခါး၏။ ဖန်၏။ အနှစ်သည် ချို၏။ ဝမ်းသက်စေ၏။ လေ၊ သည်းခြေကိုနိုင်၏။ အသီးသည် နှုတ်မြိန်စေ၏။ နူနာကိုပယ်တတ်၏။ သလိပ်ကိုနိုင်၏ဟု ဖော်ပြထားသည်။

ပဥ္စင်းပါးလုံးကို ရေနှင့်သွေးလိမ်းပါက ပွေးနာ၊ ဝဲခြောက်နှင့် သွေးဆိုးခြင်းကြောင့် ဖြစ်သောအရေပြားရောဂါအမျိုးမျိုးတို့ကို ပျောက်ကင်းစေသည်။ ရေယုန်ကြီးနာအတွက် အရွက်ကိုကြိတ်၍ရသောအရည်ဖြင့် လိမ်းကျံပေးပါ။ အနာဆွေး၊ အနာပုပ်များအတွက်ကိုလည်း အရွက်ကြိတ်ရည်လိမ်းပေးခြင်းဖြင့် အနာပေါက် အသားနုတက်၍ ပျောက်ကင်းစေသည်။ အဆစ်အမျက်ရောင်ရမ်းခြင်းအတွက် အရွက်ကို ပူအောင်လုပ်၍ကြပ်ထုပ်ထိုးပေးပါ။ နူနာနှင့် အရေပြားရောဂါများအတွက် အရွက်ကိုရှလကာရည်နှင့် ကျောက်ပျဉ်တွင်ရောကြိတ်ပြီး ထိုကြိတ်ရည်ဖြင့် အသားထဲစိမ့်ဝင်အောင်လိမ်းပေးပါ။ ဝမ်းချုပ်ပါက အရွက်နု သုံးရွက်၊ လေးရွက်ကိုရေဆေး၍ ထမင်းဖြင့်စားပါ သို့မဟုတ် ဟင်းချိုချက်သောက်ပါ သို့မဟုတ် မီးဖြိုက်၍စားပါ။ ငုပွင့်ကိုပြုတ်၍တို့စားပါက ဝမ်းပျော့ပျော့သွားစေသည်။ ငုပင်၏အသီးတောင့်ကို ခူးယူပြီး ၎င်းအသီးတောင့်ထဲရှိ အစေ့သုံးစေ့ကိုထုတ်၍ ညအိပ်ခါနီးဝါးစားပြီး ရေသောက်လိုက်ရုံမျှဖြင့် နံနက်အိပ်ရာထလျှင် ဝမ်းသက်စေသည်။ ဘေးထွက်ဆိုးကျိုးမရှိ။ သဘာဝဝမ်းနုတ်ဆေးသဖွယ် အားကိုးထိုက်သည်။ မန်ကျည်းမှည့်နှစ် နှစ်ပဲသားနှင့် ငုနှစ်(ငုအသီး၏အတွင်းမှ အနှစ်များ) နှစ်ပဲသားတို့ကို ဆတူရော၍ ညဦးပိုင်းတွင်ရေစိမ်ပြီး ၎င်းအရည်ကို ညအိပ်ရာဝင်ရေစစ်သောက်ပေးပါက နံနက်၌ ဝမ်းကောင်းစွာသက်ပြီး ဝမ်းချုပ်ရောဂါပျောက်သည်။ စမြင်းရောဂါလည်း ပျောက်ကင်းစေသည်။

နားနှင့်ပတ်သက်သော နားရောဂါအမျိုးမျိုးအတွက် ငုနှစ်ပြုတ်ရည်ကိုနားထဲခတ်ထည့်ပေးပါ။ ကလေးများ ဝမ်းဖော၊ ဝမ်းရောင်ခြင်း၊ လေထိုး၊ လေအောင့်ခြင်းအတွက် ငုနှစ်ကိုကျောက်ပျဉ်၌ ပျစ်ပျစ်သွေး၍ ကလေး၏ ချက်ပတ်လည်၌ လူးပေးပါကပျောက်ကင်းသည်။ ကလေး၊ လူကြီးဆီးအောင့်၊ ဆီးချုပ်လျှင် ငုသီးအတွင်းမှ အနှစ်ကိုခြစ်ယူပြီး ရေနှင့်ရောစပ်ကာ နေ့ဘက်တွင် ချက်ပတ်ဝန်းကျင်၌ လိမ်းပေးလျှင် သက်သာစေသည်။ အရွက်ကို ရေသုံးခွက်တစ်ခွက်တင် ကျိုချက်သောက်ပါက ဆီးကျင်၊ ဆီးအောင့်၊ ဆီးချုပ်ခြင်းကို သက်သာပျောက်ကင်းစေသည်။ ကျောက်ကပ်မကောင်း၍ ဖောရောင်ခြင်းကိုလည်းသက်သာစေသည်။ (သို့သော် ရေခဲရေမသောက်ရ) ငုကြီးပင်အခေါက်ကို အမှုန့်ပြုပြီး ဒုန်းဆီဖြင့်ရောစပ်ကာ အရေပြား(ပွေး၊ ဝဲ၊ ညှင်း)တို့ကို နေ့စဉ်လိမ်းပေးပါက သက်သာစေသည်။ အမြစ်ကို နွားနို့ နှစ်ကျပ်သားဖြင့်ပြုတ်၍ နံနက်တိုင်း ရေနွေးကြမ်းပန်းကန်လုံးတစ်လုံးခန့် သောက်ပေးသော် လေရောဂါပျောက်စေသည်။ ငုမြစ်ကိုတူးယူပြီး နုပ်နုပ်စဉ်းကာ သုံးခွက်တစ်ခွက်တင်ပြုတ်၍ သကြားခတ်လျက် တစ်နေ့သုံးကြိမ် (မနက်၊ နေ့လယ်၊ ည) တို့တွင် လူကြီး အကြီးပန်းကန်တစ်လုံး၊ ကလေး ဟင်းစားဇွန်းတစ်ဇွန်းသောက်ပေးပါက အသားဝါရောဂါ သက်သာစေသည်။ ငုပန်းပင်သည် ကိုယ်ဝန်ဆောင် အပါအဝင် ကျား၊ မ အရွယ်သုံးပါးမရွေးအတွက် ဘေးထွက်ဆိုးကျိုးကင်းကာ ဆေးဖက်ဝင်လှသည်။

**ပျဉ်းမပင်နှင့် ကျန်းမာရေး**

ပင်မြင့်ထက်၌ ခရမ်းရောင်ပွင့်ဖတ်များဖြင့် ဝေဝေဆာဆာဖူးပွင့်သော ပျဉ်းမပန်းလေးများကို မြင်လျှင် "တန်ခူးလရောက်ပြီ" ဟုမပြောဘဲနှင့် သိကြသည်။ ပျဉ်းမပန်းကလေးများက သင်္ကြန်အငွေ့အသက်ဟုလည်းဆိုနိုင်သည်။ ပျဉ်းမတစ်ပင်လုံး ဆေးဖက်ဝင်သည်။ အပင်အစိတ်အပိုင်းတစ်ခုချင်းစီ ဆေးဖက်ဝင်ပုံကို ကျန်းမာရေးသုတအနေဖြင့် သိရှိနိုင်ကြပါစေရန် ယခုလို အကျယ်တဝင့် ရေးသားဖော်ပြလိုပါသည်။

အသီးထဲရှိ အစေ့ကို အမူးမော်ပြေစေရန်အတွက်လည်းကောင်း၊ HIV/ AIDS ရောဂါအတွက်လည်းကောင်း အသုံးပြုသည်။ ထို့ပြင် ၎င်းစေ့ကို မီးအပူပေးလှော်၍ အမှုန့်ပြုပြီးနောက် ရလာသောအမှုန့်ကိုသွားနှင့် ခံတွင်းကျန်းမာရေးအတွက် အသုံးပြုသည်။ ပင်စည်၊ အခေါက်နှင့် အရွက်ကို ဝမ်းနုတ်ဆေးအဖြစ် အသုံးပြုကြသည်။ အမြစ်ကို သွေးထွက်လွန်သောအနာကို သွေးတိတ်စေရန်လည်းကောင်း၊ စိတ်ကြည်လင်တက်ကြွစေရန်လည်းကောင်း၊ အပူပြင်းဖျားနာပျောက်ဆေးအဖြစ်လည်းကောင်း အသုံးပြုသည်။ အရွက်ကိုအခြောက်လှန်းပြီး ဆီးချိုရောဂါအတွက် အသုံးပြုသည်။ အဖြူရောင်ပန်းပွင့်သော ပျဉ်းမပင်၏အမြစ်က အမျိုးသမီး သားအိမ်ကင်ဆာအတွက် အလွန်ဆေးစွမ်းထက်မြက်သည်။

အမြစ်ကို ဆန်ဆေးရည်နှင့်သွေး၍ စတီးဇွန်းတစ်ဇွန်းခန့် တစ်နေ့သုံးကြိမ်သောက်ပါ။ ၎င်းအမြစ်ကို အရက်ဆီနှင့်ရော၍ ဝမ်းဗိုက်(သားအိမ်ရှိသောနေရာ)တွင်လိမ်းပါ။ ပျဉ်းမပင်၏ အဖူး၊ အပွင့်၊ အရွက်တို့ထဲတွင် ဆေးဖက်ဝင်ဓာတုဓာတ်ပေါင်းတစ်မျိုးဖြစ်သော Corosolic အက်စစ်ပါရှိနေသည့်အပြင် ဗီတာမင်၊ သတ္တုဓာတ်နှင့် ခြေဖျက်လွယ်သော အမျှင်ဓာတ်များလည်းပါရှိသည်။

**သတိပြုရန်**

ပျဉ်းမပင်က ထူးခြားသည့် ဘေးထွက်ဆိုးကျိုးမရှိသော်လည်း စိတ်ချလုံခြုံမှုရှိစေရန်အတွက် ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ သောက်သုံးခြင်းမှရှောင်ကြဉ်ပါ။ ဆီးချိုရောဂါရှိသူများ သောက်သုံးလိုပါက ဆရာဝန်နှင့်ဦးစွာတိုင်ပင်ပါ။ သောက်သုံးနေစဉ်မှာလည်း သွေးတွင်းသကြားဓာတ်ပမာဏကို အမြဲစစ်ဆေးရန် လိုအပ်သည်။ သွေးဖိအားနည်းသူများ (သွေးပေါင်ချိန်ကျသူများ) သောက်သုံးရန် လုံးဝမသင့်ပါ။ ခွဲစိတ်မှုပြုလုပ်ရန်အစီအစဉ်ရှိပါက မခွဲစိတ်မီ ရက်သတ္တနှစ်ပတ်အလိုတွင် သောက်သုံးခြင်းကို ရပ်တန့်ထားပါ။

**ရင်ခတ်ပန်းနှင့် ကျန်းမာရေး**

ဇွန်၊ ဂူလိုင် မိုးဦးရာသီတွင် ရင်ခတ်ပန်းတို့ အများဆုံးပွင့်ချိန်ဖြစ်သည်။ ရင်ကိုရိုက်ခတ်စေသော ရနံ့မျိုးရှိ၍ "ရင်ခတ်ပန်း"ဟုခေါ်ကြကြောင်းယုံကြည်မိသည်။ ဝါဝါထိန်ထိန်အပွင့်လေးများ စီရရီပွင့်လေ့ရှိသည်။ အပင်ဗီဇကိုလိုက်၍ ပွင့်ခါစ နို့နှစ်ရောင်တစ်နေ့တခြားအရောင်ရင့်သွားကာ ကြွေကာနီးအပွင့်ညှိုးခြောက်ချိန်မှာ ချောကလက်ရောင်ဖြစ်သည်။

ဆေးဖက်ဝင်အာနိသင်အဖြစ် ရင်ခတ်ပန်းပင်ကို ခွဲခြမ်းစိတ်ဖြာလေ့လာရာ၌ Flavonoid၊ Terpenoid၊ Saponin၊ Tannin၊ C-glycoside၊ Phenol၊ ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်းနှင့် အဆီများပါဝင်ကြောင်း တွေ့ရှိရသည်။ ၎င်းဒြပ်ပေါင်းများက Phytochemical အာနိသင်ရှိကာ ရောဂါပိုးမွှားနှိမ်နင်းရေးအတွက် စွမ်းဆောင်ပေးနိုင်သည်။ ရင်ခတ်ပန်းပင်၏အရွက်ကလည်း အဏုဇီဝပိုးများကိုဆန့်ကျင်သည့် အစားထိုးကုထုံးအဖြစ်အသုံးပြုနိုင်ရန် အလားအလာကောင်းကြောင်း ဆေးသုတေသီများကတွေ့ရှိထားသည်။ သို့ပါ၍ တန်ခူးလရာသီပန်းဖြစ်သော်လည်း လူသိနည်းသောပန်းဖြစ်၍ ဗဟုသုတရရှိစေရန်ရည်ရွယ်ကာ ရေးသားဖော်ပြလိုက်ရပါသည်။

# "Moepan Htay (မိုးသီတာ) အကောင့်ပိုင်ရှင်နှင့် အများပြည်သူသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၃)၊ ၃၅လမ်းနှင့် ၅၄လမ်းထောင့်တွင် ဖွင့်လှစ် ရောင်းချသည့် **"Win Htet"** ရွှေကျောက်မျက် ရတနာ အရောင်းဆိုင်လုပ်ငန်းပိုင်ရှင်ဖြစ်သူ ဒေါ်အေးထွေး (ဘ) ဦးအိုက်ထွန်း (၁၃/ကခန(နိုင်) ဝ၆၇၁၁၃) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများပြည်သူများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးထွေး မှ ဦးဆောင်၍ တည်ထောင်ဖွင့်လှစ်ထားသော **"Win Htet"** ရွှေ ကျောက်မျက်ရတနာ အရောင်းဆိုင်အား မန္တလေးမြို့ **(ibis Style Hotel)** ၏မြေညီထပ် (၅၄)လမ်းဘက်မျက်နှာမူ၍ **"Win Htet Jade & Jewellery"** အမည်ဖြင့် တရားဝင်ဖွင့်လှစ်၍ စိန်ထည်ပစ္စည်းများ၊ ရွှေများ၊ ကျောက်မျက်ရတနာများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ကောင်းသတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ပါသည်။ ထို့အပြင် လူမှုကွန်ရက်စာမျက်နှာတွင် **"Win Htet Jade & Jewellery"** အမည်ဖြင့် နိုင်ငံကျော် အနုပညာရှင်များ ဖိတ်ခေါ်၍ စိန်၊ ရွှေ ကျောက်မျက်ရတနာများအား **"Live Sale"** ထုတ်လွှင့်တင်ဆက် ရောင်းချလျက်ရှိပြီး အများပြည်သူများမှ နှစ်သက်သဘော ကျ၍ ဝယ်ယူများပြားလျက်ရှိပါသည်။ သို့ရာတွင် မသမာသူလူတစ်စုမှ **"Win Htet Jade Jewellery"**အမည်ဖြင့် **Facebook Account** ဖွင့်လှစ်ကာ ကျွန်ုပ်၏မိတ်ဆွေ**"Win Htet Jade & Jewellery" Facebook Page** မှ **"Live Sale"**ထုတ်လွှင့်ရောင်းချသည့် ကျောက်မျက်ရတနာပစ္စည်းများ၊ စိန်ထည်များအား ကူးယူ၍ လူလိမ်များမှ ၎င်းတို့၏အကောင့်မှ တင်ကာ ရောင်းချခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးထွေး၏ **အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အမည်ဖျက်လိုသူ (မသမာသူများ)** မှ တုပအသုံးပြုသော **"Win Htet Jade & Jewellery" Facebook Account** ထံသို့ **Moepan Htay** (မိုးသီတာ)အကောင့်ပိုင်ရှင်မှဝယ်ယူကာ ပြည့်ပြည့်စုံ **K-Pay Account (09-778321001)** ထံသို့ ငွေများအားလွှဲပေးခဲ့ကြောင်း ကျွန်ုပ်မိတ်ဆွေ အမှန်တကယ်အသုံးပြုသည့် **"Win Htet Jade & Jewellery" Facebook Page Messenger** သို့ ဆက်သွယ်၍ပြောဆိုခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း **Moepan Htay** (မိုးသီတာ) အကောင့်ပိုင်ရှင်ထံမှငွေများ လက်ခံရယူခဲ့ခြင်းမရှိသလို ပစ္စည်းများအား ရောင်းချခဲ့ခြင်းမရှိကြောင်း အထောက်အထားများဖြင့် ရှင်းပြခဲ့သော်လည်း **Moepan Htay** (မိုးသီတာ) အကောင့်ပိုင်ရှင်မှ ၎င်း၏အကောင့်၌ ကျွန်ုပ်မိတ်ဆွေဆိုင်အား ဂုဏ်သိက္ခာကျဆင်းအောင် အချိန်တစ်နာရီကျော် **"Live"**လွှင့်၍ မမှန်မကန်ပြောဆိုမှုများ ပြုမူဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ **"Live"**လွှင့်၍ပြောဆိုဆောင်ရွက်မှုများကြောင့် ကျွန်ုပ်မိတ်ဆွေဆိုင်မှာ အများပြည်သူမှ ထင်ယောင်ထင်မှားဖြစ်၍ ဆိုင်၏ ဂုဏ်သိက္ခာမှာ များစွာဆုံးရှုံးနစ်နာမှု ပေါ်ပေါက်ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ **Moepan Htay** (မိုးသီတာ)အကောင့်ပိုင်ရှင်မှ လူမှုကွန်ရက်စာမျက်နှာတွင် **"Live"**လွှင့်၍ တင်ထားခဲ့သော **Post** အား ဖျက်သိမ်းပေးပါရန်၊ အဆိုပါ **Post** တွင် **Share, Comment** ရေးသားခြင်းများ မပြုလုပ်ကြပါရန်၊ အကယ်၍ အဆိုပါ **Post** အား ဖျက်သိမ်းခြင်းမရှိပါက ဆက်သွယ်ရေးဥပဒေနှင့်အညီ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပြီး ဖြစ်စဉ်အမှန်အား သေချာစွာသိရှိခြင်းမရှိဘဲ **"Win Htet Jade & Jewellery"**ဆိုင်အား လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မမှန်မကန် ရေးသားပြောဆိုမှုများ ဆောင်ရွက်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိစေရန် စေတနာကောင်းဖြင့် အသိပေးကြေညာအပ်ပါသည်။

**"Win Htet Jade & Jewellery"** ရွှေ ကျောက်မျက်ရတနာ အရောင်းဆိုင်လုပ်ငန်းပိုင်ရှင်ဖြစ်သူ ဒေါ်အေးထွေး (ဘ) ဦးအိုက်ထွန်း(၁၃/ကခန(နိုင်)ဝ၆၇၁၁၃)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)**

ဒေါ်ချောစုမေ၊ ဒေါ်ဆုမွန်မွန်၊ ဦးလှမျိုးဦး၊ ဦးထိုက်ထိုက်ဇော်၊ ဒေါ်နှင်းအိအိခိုင်၊ ဦးကျော်ကျော်နိုင်၊ ဒေါ်ရွှေရည်ဝင့်နိုင်၊ ဒေါ်မြတ်စုစံ၊ ဒေါ်နန်းအိအိလွင် (တရားလွှတ်တော်ရှေ့နေများ)
ဦးဟန်ထွန်းဦး၊ ဒေါ်ရွှန်းလဲ့လဲ့ရီ (အထက်တန်းရှေ့နေများ)
**"NANDAR & ASSOCIATES" Legal Services Co.,Ltd**
အိမ်အမှတ်(ဒီ-၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄×၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။ ဖုန်း ၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၂၀၃၅၈၅၅၊
**Web: www.nandarlawfirm.com.mm, Email: lawfirmmyanmar@gmail.com**

# ယခုနှစ်တွင် ပြည်ပသို့ ကော်ဖီတန်ချိန် ၂၀၀၀ ခန့် တင်ပို့ရောင်းချရန် ဆောင်ရွက်နေပြီး ဧပြီလမှစတင်၍ တင်ပို့ရောင်းချပေးမည်



**ရန်ကုန် ဧပြီ ၇**

ယခုနှစ်တွင် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ကော်ဖီတန်ချိန် ၂၀၀၀ ခန့်တင်ပို့ရောင်းချရန် ဆောင်ရွက်နေပြီး ဧပြီလမှစတင်၍ တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း၏သတင်းများအရ သိရသည်။

မြန်မာနိုင်ငံ၌ ကော်ဖီကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင်လည်း စိုက်ပျိုးကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ကော်ဖီစိုက်ပျိုးဧက ၅၀၀၀၀ ကျော်ရှိပြီး Arabica ကော်ဖီကို ဧက ၃၈၀၀၀ ကျော်၊ Robusta ကော်ဖီကို ဧက ၁၂၀၀၀ ကျော်စိုက်ပျိုးနေကြောင်း သိရသည်။

နှစ်စဉ် ကော်ဖီတန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ ကြားထွက်ရှိပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချပေးလျက်ရှိရာ ပြည်ပသို့ ၇၅ ရာခိုင်နှုန်းထိ တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ပြည်ပဈေးကွက်များတွင် မြန်မာ့ကော်ဖီများ၏ အရည်အသွေးနှင့် အမျိုးအစားအလိုက် ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၀ ခန့်မှ အမေရိကန်ဒေါ်လာ ၈၃၀၀ ခန့်ထိ ရရှိကြောင်း၊ ကော်ဖီကို မြန်မာနိုင်ငံတွင် နှစ်စဉ် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအတွင်း ခူးဆွတ်လေ့ရှိသဖြင့် ယခုအခါ ကော်ဖီများကို ခူးဆွတ်နေပြီး အဆိုပါကော်ဖီများကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ဧပြီလမှ စတင် တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ကော်ဖီစိုက်ပျိုးချိန်၌ ရာသီဥတုကောင်းမွန်ခဲ့သဖြင့် အထွက်နှုန်း ကောင်းနေကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ကော်ဖီတန်ချိန် ၂၀၀၀ ခန့်တင်ပို့ရောင်းချရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ကော်ဖီရာသီဦးကာလဖြစ်သော ဧပြီ၊ မေ၊ ဇွန်လတို့တွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက တရုတ်နှင့်ထိုင်းနိုင်ငံသို့ ကော်ဖီတန်ချိန် ၁၅၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကလည်း ဥရောပ၊ ဂျပန်၊ တောင်ကိုရီးယားနှင့်အခြားအာရှနိုင်ငံများသို့ ကော်ဖီတန်ချိန် ၈၀၀ ခန့်တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကော်ဖီဈေးကွက်အနေဖြင့် Arabica ကော်ဖီကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးနေပြီး Robusta ကော်ဖီကို ပြည်တွင်းဈေးကွက်များသို့ ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ ယခုနှစ် ကော်ဖီရာသီတွင် ကော်ဖီကို အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်(ထိုင်ပေ)၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ထိုင်းနှင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# စလင်းမြို့နယ် ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဧပြီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျိုးခင်းကုန်းကျေးရွာအုပ်စု ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားမှု ရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၈ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

စာအုပ်စာပေ လူ့မိတ်ဆွေ

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၀၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်၊

## ထာဝရလှပသော အပြုံးအတွက်

# DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅



## ရွှေလီဦး

**အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏နေရာအသစ်**

အမှတ်(၁၀၃)၊ လမ်း(၃၀)၊ ၇၉ × ၈၀လမ်းကြား၊ မန္တလေးမြို့၊
၀၂-၄၀၃၃၂၈၀၊ ၀၂-၄၀၆၄၅၇၃၊ ၀၉-၄၀၂၅၁၁၅၈၅

စာ၊ ပါဆယ်နှင့် ကုန်ပစ္စည်းများကို
ဂိတ်ပိုင် ဦးဝိတာကိုယ်တိုင် ဦးစီးလုပ်ကိုင်နေပါသည်။
ဥက္ကဋ္ဌ-ဦးဝိတာ
ဖုန်း-09-2004223, 09-47222224


စာအုပ်

စာပေ

လူ့မိတ်ဆွေ

## ဦးစိုင်းနေမျိုးကိုကို (ခ) ဦးအိုက်ပန်
## အသက် (၄၁)နှစ်

ဦးဝိတင်မြင့် (ခ) ဦးဝိတာ (ရွှေလီဦး)ကားဂိတ်-ဒေါ်နန်းရွှေလှိုင် တို့၏

တစ်ဦးတည်းသောသား၊

ဒေါ်လဲ့လဲ့ဝင်း၏ ချစ်လှစွာသောခင်ပွန်း

**ဦးစိုင်းနေမျိုးကိုကို (ခ) ဦးအိုက်ပန် အသက် (၄၁)နှစ်**

သည် (၄-၄-၂၀၂၄)ရက်နေ့တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ (၅-၄-၂၀၂၄)ရက်နေ့တွင် "အေးရိပ်ငြိမ်" သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်၊




ရန်သူမီးဘေး
တားဆီးရေး
မငေးနှင့်
ဆောင်ရွက်ကြ

❖ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ် ...

❖ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကိုမြှင့်တင်ပေး ...

❖ **“ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်”** ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်းလိုက်နာပြီး ယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏တာဝန်ဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ပြုလုပ်သော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသမီးစာပေဆု ဆုနှင်းသဘင်အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## Grade-7 နှင့် Grade-10 သင်ခန်းစာများ ထုတ်လွှင့်ပြသမည်

၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ခန်းစာများကို ကြိုတင်လေ့လာသင်ယူနိုင်ရန်အတွက် **MWD Education,Knowledge & Sports Channel** နှင့် မြန်ကြားရေးဝန်ကြီးဌာန၏ **Education Channel** တို့တွင် ဧပြီ ၈ ရက်မှ မေ ၃၁ ရက်ထိ **Grade-7**သင်ခန်းစာများကို နံနက် ၇ နာရီမှ ၇ နာရီခွဲနှင့် ညနေ ၆ နာရီမှ ၆ နာရီခွဲတွင်လည်းကောင်း၊ **Grade-10** သင်ခန်းစာများကို နံနက် ၈ နာရီမှ ၈ နာရီခွဲနှင့် ည ၇ နာရီမှ ၇ နာရီခွဲ ချိန်တွင်လည်းကောင်း နေ့စဉ်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို ကြိုတင်အသိပေးအပ်ပါသည်။

➤ ➤ ➤

## ထူးခြားသည့် နေ့အပူချိန်များ

(၇-၄-၂၀၂၄)

| | | |
|---|---|---|
| ချောက် | ၄၇ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |

# WBC အမျိုးသမီးဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဩစတြေးလျလက်ဝှေ့မယ် နီကိုလ်ဆန်ဆွတ်ခူး




**လက်စ်ဗီးဂတ် ဧပြီ ၇**

WBC အမျိုးသမီးဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဩစတြေးလျလက်ဝှေ့မယ် နီကိုလ်ဆန်နှင့် ဒိန်းမတ်လက်ဝှေ့မယ် ဆာရာမာဖောက်တို့ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် ဧပြီ ၆ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ နီကိုလ်ဆန်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကိုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

နီကိုလ်ဆန်သည် စိန်ခေါ်ပွဲတွင် ဆာရာမာဖောက်ကို အကောင်းဆုံးပုံစံဖြင့် ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး ဆာရာမာဖောက်သည် နီကိုလ်ဆန်၏ ထိုးသတ်မှုများကိုတုံ့ပြန်ရန် နည်းလမ်းကောင်းမတွေ့ခဲ့ဘဲ ခံစစ်အသွင်ဖြင့်သာထိုးသတ်နိုင်ခဲ့သဖြင့် နီကိုလ်ဆန်က WBC အမျိုးသမီးဖယ်သာဝိတ်တန်း

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

**ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၄ ခုနှစ် ဧပြီ ၁၃ ရက်(စနေနေ့)မှ ဧပြီ ၁၈ ရက်(ကြာသပတေးနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(သောကြာနေ့)တွင် ပုံမှန်အတိုင်းဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။**

